မန္တလေးနေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၃၁၇)၊ ၁၃၈၈ ခုနှစ် ၊ သီတင်းကျွတ်လဆန်း ၁၀ ရက် ၊ ၂၁-၁၀-၂၀၂၆၊ ဗုဒ္ဓဟူးနေ့။

မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံသို့ နိပ္ပန်ဖောင်ဒေးရှင်းဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Mr. Yohei SASAKAWA က လာရောက်ဂါရဝပြုတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၀

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ နိပ္ပန်ဖောင်ဒေးရှင်း ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Mr. Yohei SASAKAWA က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ၏ ရုံးတော် ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

စာမျက်နှာ ၃ သို့ ☆



ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၊ နိပ္ပန်ဖောင်ဒေးရှင်းဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Mr. Yohei SASAKAWA အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ယနေ့ ဖတ်စရာ အညွှန်း

ဆာဂျီယိုရာမို့စ်ကို ခေါ်ယူရန် ဂိတာဖေးအသင်း ကမ်းလှမ်း

စာမျက်နှာ ၁၁

သတိပြုရှောင်ရှား ဆေးလိပ်၊ ဆေးရွက်ကြီးအန္တရာယ်များ(ဆောင်းပါး)

စာမျက်နှာ ၁၄

သဖန်းဆိပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ စိုက်ပျိုးရေပေးဝေလျက်ရှိ

မကွေး အောက်တိုဘာ ၂၀

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)က ဆောင်ရွက်လျက်ရှိသော သဖန်းဆိပ်ကျေးရွာ လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ စိုက်ပျိုးရေပေးဝေလျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၅ သို့ ❐

ကျောက်ဆည်မြို့နယ်၌ ဂန္ဓမာပန်းမျိုးစုံ နှစ်ပတ်လည်စိုက်ပျိုးခြင်းဖြင့် နေ့စဉ်ဝင်ငွေရရှိ



ကျောက်ဆည် အောက်တိုဘာ ၂၀

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်တွင် မိသားစု စားဝတ်နေရေး အဆင်ပြေရန်အတွက် နေ့စဉ်ဝင်ငွေရရှိရေး ဂန္ဓမာပန်းမျိုးစုံ နှစ်ပတ်လည် စိုက်ပျိုးရောင်းချခြင်းဖြင့် နေ့စဉ်ဝင်ငွေရရှိသည့်အတွက် မိသားစု စားဝတ်နေရေး အဆင်ပြေလျက်ရှိသည်။

ပန်းများစိုက်ရာတွင် စိုက်ပျိုးလိုသည့် ဂန္ဓမာပန်း ပန်းမျိုးကွဲများဖြစ်သော ရွှေစိမ်းအို၊ ခိုင်ချူး၊ စံပယ်အဖြူ၊ စံပယ်အဝါ၊ ကျောက်စိမ်း၊ ရွှေဝါဝင်း စသည့် ပန်းပျိုးပင်များကို ပြင်ဦးလွင်မြို့နယ်မှ ဝယ်ယူ၍ စိုက်ပျိုးကြောင်း၊ ပန်းပျိုးပင်အမျိုးအစားအလိုက် ငွေတစ်ရာကျပ်မှ တစ်ရာခြောက်ဆယ်ကျပ်အထိ ဈေးအမျိုးမျိုး ဝယ်ယူရကြောင်း၊ စိုက်ပျိုးပြီးလေးလအကြာတွင် ပန်းများစတင်ရောင်းချရကြောင်း ဂန္ဓမာပန်းစိုက်ပျိုးရောင်းချသူ ဦးမျိုးထွန်းက ပြောပြသည်။

ဂန္ဓမာပန်းများစိုက်ပျိုးရာ၌ အပင်သန်မာပြီး ကိုင်းဖြာမှုကောင်းစေရန်နှင့် အရောင်အသွေးလှပစေရန် အတွက် ဦးစွာသဘာဝမြေဩဇာဖြစ်သည့် နွားချေးများနှင့် မြေပြုပြင်ရပြီး ပန်းအမျိုးအစားနှင့် မြေအမျိုးအစားအလိုက် ပန်းစိုက်ပျိုးရန် မြေပေါင်များ ပြုလုပ်၍ စိုက်ပျိုးရကြောင်း၊ ဂန္ဓမာပန်း တစ်ဧက စိုက်ပျိုးမည်ဆိုပါက အပင်ရေ ခြောက်သောင်းခန့် စိုက်ပျိုးနိုင်ပြီး အစိုခတ်မပြတ် ရေသွင်းပေးသည့်အပြင် ပိုက်များဖြင့် အပင်များအပေါ်သို့ ရေဖျန်းစိုက်ပျိုးပါက အပင်၏ကိုင်းဖျားမှ အစအောက်ခြေအထိ ပန်းပင်တစ်ပင်လုံး ရေရရှိသည့်အတွက် အရွက်များ အမြဲစိမ်းလန်းကာ လှပသည့် ပန်းပင်များ ရရှိသည့်အတွက် ရောင်းချရာတွင် လူကြိုက်များပြီး အရောင်းတွင်ကျယ်ကြောင်း ပန်းစိုက်ပျိုးသူများထံမှ သိရသည်။

သက်မောင်(ကျောက်ဆည်)

o-o-o-o-o

o-o-o

မုံရွာစက်မှုဇုန်ရှိ ရွှေကုံကော်ဝါကြိတ်စက်ရုံမှ တစ်ရက်လျှင် ကုန်ချောပိသာ ၄၅၀ ထုတ်လုပ်ပေးလျက်ရှိ

မုံရွာ အောက်တိုဘာ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာစက်မှုဇုန်အတွင်းရှိ ဝါကြိတ်စက်ရုံလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေးပြည့်မီသည့် အဆင့်မြင့်ကုန်ချောပစ္စည်းများဖြင့် အဝတ်အထည်များ ထုတ်လုပ်ကာ ကုန်ထုတ်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဝါစိုက်တောင်သူများ စီးပွားရေးအဆင်ပြေကာ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးတို့အတွက် မုံရွာစက်မှုဇုန်ရှိ ရွှေကုံကော်ဝါကြိတ်စက်ရုံမှ တစ်ရက်လျှင် ကုန်ချောပိသာ ၄၅၀ ထုတ်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

ယနေ့ နံနက်ပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများသည် အဆိုပါ စက်ရုံသို့ သွားရောက်၍ စက်ရုံအတွင်း ဝါလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှု၊ ကုန်ကြမ်းရရှိမှုနှင့် ဝါသိလှောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ဝါကုန်ချောပစ္စည်းများ စနစ်တကျသန့်စင်ထုတ်လုပ်ကာ အရည်အသွေးပြည့်မီသည့် ဝါကုန်ချောများထုတ်လုပ်သွားရေးတို့ကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ဆက်လက်၍ မုံရွာစက်မှုဇုန်ရှိ ဦးဆွေတင့်၏ ဝါကြိတ်စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ စက်ရုံတာဝန်ခံက စက်ရုံအတွင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် ကုန်ကြမ်းသိုလှောင်ထားရှိမှုအခြေအနေများကို လိုက်လံရှင်းလင်းပြသပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဝါကုန်ချောများ ဈေးကွက်အတွင်း ဈေးကောင်းရရှိရေး၊ လျှပ်စစ်မီးပြည့်မီစွာရရှိရေးနှင့် ဝါကုန်ကြမ်းများ အရည်အသွေးကောင်းမွန်စေရေးအတွက် ဝါစိုက်တောင်သူများနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအား ကြိုတင်စီမံဆောင်ရွက်ထားကြရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

နေပြည်တော် အောက်တိုဘာ ၂၀

ယနေ့ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော တမီးလ်နာဒူးကမ်းခြေတို့တွင် နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/၈လ

၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၂၁ ရက်၊ ဗုဒ္ဓဟူးနေ့။

မြဝတီရေး သတင်းဌာန

လူငယ်များ ပလင်းတန်ပို့ပြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိ

လူငယ်များ၏အနာဂတ်ကို တည်ဆောက်ခြင်းသည် နိုင်ငံတော်၏အနာဂတ်ကို တည်ဆောက်ခြင်းဖြစ်သည့်အတွက် လူငယ်များအနေဖြင့် ဘဝရည်မှန်းချက်များကို မှန်ကန်စွာ သတ်မှတ်ပြီး လူ့အဖွဲ့အစည်းနှင့် နိုင်ငံတော်အကျိုးကို သယိုးဆောင်ရွက်နိုင်သူများ ဖြစ်လာစေရေးကြိုးပမ်းကြရန် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းက အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ အောင်မြတ်ခန်းမ၌ကျင်းပသည့် လူငယ်စကားပိုင်းဆွေးနွေးပွဲ၌ ပြောကြားခဲ့သည်။

လူငယ်စကားပိုင်းများ ကျင်းပပေးခြင်းဖြင့် လူငယ်များ၏ အရည်အချင်းနှင့် စွမ်းဆောင်ရည်များ ပွဲ့ဖြိုးတိုးတက်လာစေမည့် အပြင် အသိပညာ၊ အတွေးအမြင်နှင့် အကြံဉာဏ်များကို အပြန်အလှန်ဖလှယ်နိုင်ကာ အတွေ့အကြုံကောင်းများမှတစ်ဆင့် မိမိတို့၏ အားသာချက်၊ အားနည်းချက်များကို သိရှိပြုပြင်နိုင်မည်ဖြစ်သည်။ ထို့ပြင် မတူကွဲပြားသည့် အတွေးအမြင်များကို နားလည်လေးစားပြီး စည်းလုံးညီညွတ်မှုကိုအခြေခံကာ အေးချမ်းသာယာပြီး တိုးတက်သော အနာဂတ်ကောင်းတစ်ခုကို အတူတကွဖန်တီး တည်ဆောက်နိုင်မည်ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် လူငယ်တစ်ဦးချင်းစီ၏ အနာဂတ်သည် နေ့စဉ်လေ့လာသင်ယူသည့် အသိပညာများ၊ ကျင့်သုံးသည့် အလေ့အကျင့်များနှင့် ချမှတ်လိုက်သည့် ဆုံးဖြတ်ချက်များအပေါ် များစွာမူတည်နေကြောင်း၊ ထို့ကြောင့် ငယ်စဉ်ကတည်းက အချိန်ကို တန်ဖိုးရှိစွာအသုံးချခြင်း၊ ရည်မှန်းချက်ထား၍ ကြိုးစားခြင်း၊ အခက်အခဲများကို ခွဲလှဲ့လဖြင့်ရင်ဆိုင်ခြင်းနှင့် မိမိကိုယ်ကို အစဉ်မပြတ်ပြုပြင် တိုးတက်အောင် လေ့လာသင်ယူခြင်းတို့ဖြင့် အလေ့အကျင့်ကောင်းများအဖြစ် မွေးမြူကြရမည်ဖြစ်သည့်အပြင် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တနှင့် ဘောဂဗလတို့ ဟန်ချက်ညီညီ ပွဲ့ဖြိုးတိုးတက်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် မိဘပြည်သူများကလည်း လူငယ်များ၏ အရည်အချင်းနှင့် ဝါသနာများကို သိရှိနားလည်ပြီး မှန်ကန်သည့်လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး လမ်းညွှန်ပေးရန်လည်း တိုက်တွန်းပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် တာချီလိတ်မြို့ နယ်မြေခံ တပ်နယ်အတွက် MRTV DTH စလောင်း ငါးစုံ၊ CANAL+ ငါးစုံနှင့် Sky Net DTH ငါးစုံတို့ကိုလည်းကောင်း၊ တာချီလိတ်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအတွက် MRTV DTH စလောင်း ငါးစုံ၊ CANAL+ ငါးစုံ၊ Sky Net DTH စလောင်း ငါးစုံနှင့် Myansat DTH စလောင်းငါးစုံတို့ကိုလည်းကောင်း တာဝန်ရှိသူများထံ ပေးအပ်သည်။

လူငယ်စကားပိုင်းဆွေးနွေးပွဲတွင် တာချီလိတ်မြို့ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများက လူငယ်နှင့် ဆိုရှယ်မီဒီယာ၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့် စာရိတ္တ၊ လူငယ်နှင့် စာပေနှင့် လူငယ်နှင့် အနာဂတ်စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးကြရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

လူငယ်များ ဗလငါးတန် ပွဲ့ဖြိုးတိုးတက်ရေးဆိုသည်မှာ ၄င်းတို့၏ အနာဂတ်ဘဝတစ်လျှောက်တွင် လူတစ်လုံးသူတစ်လုံး ရပ်တည်ရှင်သန်နိုင်စေရန်နှင့် နိုင်ငံအတွက်လည်း သားကောင်းရတနာ၊ သမီးကောင်းရတနာများဖြစ်လာစေရန် လိုအပ်သော အရည်အသွေး၊ အရည်အချင်းများ ဖြည့်ဆည်းပေးနိုင်ရေးပင်ဖြစ်သည်။

နိုင်ငံတော်က လူငယ်များကို ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် ပညာရေးကဏ္ဍနှင့် လူငယ်ကဏ္ဍကို ပြုစုပျိုးထောင်ဆောင်ရွက်ပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

ကျောက်ပန်းတောင်းမြို့နယ်၌ ၂၀၂၆ ခုနှစ်၊ ဆောင်းရာသီ စိုက်ပျိုးစရိတ် ချေးငွေပေးအပ်ပွဲ ကျင်းပ

ကျောက်ပန်းတောင်း အောက်တိုဘာ ၂၀

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်၌ ၂၀၂၆-ခုနှစ် ဆောင်းရာသီ စိုက်ပျိုးစရိတ် ချေးငွေ ပေးအပ်ပွဲကို ယနေ့ နံနက် ၁၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စကားဝါမြေ ခန်းမတွင် ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်က အဖွင့်အမှာစကား ပြောကြားပြီး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးညွှန့်ရွှေက နိုင်ငံတော်မှ ပေးအပ်သည့် စိုက်ပျိုးစရိတ်ချေးငွေများကို အမှန်တကယ် လိုအပ်သည့် စိုက်ပျိုးရေးသွင်းအားစုများအတွက် အကျိုးရှိထိရောက်စွာ သုံးစွဲသွားကြရန်နှင့် ချေးငွေများ ပေးဆပ်ချိန်တွင်လည်း သတ်မှတ်အချိန်အတွင်း အချိန်နှင့်တစ်ပြေးညီ တာဝန်ကျေပွန်စွာ ပေးဆပ်သွားကြရန်လိုကြောင်း ဆွေးနွေးပြောကြားသည်။ ယင်းနောက် လွှတ်တော်ကိုယ်စားလှယ်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ အဖွဲ့ဝင်များ၊ မြို့နယ်ချေးငွေ အကြံပေးအဖွဲ့ဝင် ဌာနဆိုင်ရာများက လက်ပံပျားကျေးရွာ အုပ်စုမှ ဆောင်းသီးနံစိုက်တောင်သူတစ်ဦးချင်းထံ ချေးငွေများပေးအပ်ကြသည်။ ယင်းနောက် တောင်သူများကိုယ်စားကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ကျောက်ပန်းတောင်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ကျေးရွာအုပ်စု ၅ အုပ်စုရှိ တောင်သူ ၂၀၀ ဦးခန့်အား ဆောင်းသီးနှံ နေကြာနှင့် ကုလားပဲအတွက် ငွေကျပ်သိန်း ၁၅၀၀ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရပြီး၊ ယနေ့တွင် လက်ပံပျားကျေးရွာအုပ်စုမှ တောင်သူ ၅၇ ဦးတို့အား ချေးငွေကျပ်သိန်း ၃၈၀ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆောင်းသီးနံ ချေးငွေပေးအပ်ပွဲ အခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်နှင့် ဦးနေလင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးညွှန့်ရွှေနှင့် အဖွဲ့အတွင်းရေးမှူး ရဲမြူး နိုင်ဝင်းထွန်း၊ မြို့နယ်ချေးငွေ အကြံပေးအဖွဲ့ဝင် ဌာနဆိုင်ရာများ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(မြို့နယ်ဘဏ်ခွဲ)မှ မြို့နယ်မန်နေဂျာ ဒေါ်လွင်မာထွန်းနှင့် ဝန်ထမ်းများ၊ လက်ပံပျားကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ဆောင်းသီးနှံစိုက်တောင်သူများ စုစုပေါင်း ၆၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(၄၅၆)

စာဖတ်ရှုနိုးဖြင့်တင်ရေးနယ်လှည့် အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ကျောက်တလုံးကြီး အောက်တိုဘာ ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကျောက်တလုံးကြီးမြို့တွင် ကျောင်းသား၊ ကျောင်းသူလူငယ်များ အသိပညာဗဟုသုတ ပိုမိုရရှိစေရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာဖတ်ရှုနိုးဖြွင့်တင်ရေး နယ်လှည့်အသိပညာပေးလုပ်ငန်းများကို နောင်ယာဆိုင်းအခြေခံပညာမူလတန်းကျောင်းသို့ ယနေ့ နံနက် ၉ နာရီက ကွင်းဆင်းဆောင်ရွက်သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကျောက်တလုံးကြီးမြို့ဦးစီးမှူး ဒေါ်သန္တာဝင်းက ကျောင်းသား၊ ကျောင်းသူလူငယ်တို့အတွက် စာအုပ်စာပေဖတ်ရှုသည့်အလေ့အကျင့် ကောင်းများရရှိစေရေးနှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများ၊ အယ်လ်နီညိုအန္တရာယ်ကာကွယ်ရေး အသိပညာပေးအကြောင်းအရာများ စသည်တို့ကို အသိပညာပေးဟောပြောပြီး ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတရရှိစေရန် စာဖတ်ရှုနိုးဖြွင့်တင်ရေး အသိပညာပေးနံရံကပ်စာစောင်ပြသခြင်းနှင့် Mobile Library စနစ်ဖြင့် စာအုပ်များငှားရမ်းပေးခြင်းတို့ကို ဆောင်ရွက်သည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတပိုမိုသိရှိပြီး ထူးချွန်ထက်မြက်သော နိုင်ငံ့သားကောင်းများဖြစ်လာစေ ရန်ရည်ရွယ်ချက်များဖြင့် နယ်လှည့်အသိပညာပေးလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

(၃၆၈)

ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ကြိုးဆိုဂုဏ်ပြုသောအားပြင့် (အမျိုးသား) ဖူဆယ်ပြိုင်ပွဲကျင်းပ

မန္တလေး အောက်တိုဘာ ၂၀

၂၀၂၆ ခုနှစ် နိုဝင်ဘာ ၇ ရက်နေ့တွင် ကျရောက်မည့် ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ၏ (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီးအထွေထွအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ (အမျိုးသား) ဖူဆယ်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအားကစားကွင်း Multipurpose Stadium ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူး ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှအုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများတက်ရောက်အားပေးကြပြီး အခမ်းအနားကို အစီအစဉ်အတိုင်း ကျင်းပခဲ့သည်။

အခမ်းအနား၌ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြား၍ ဖူဆယ်ပြိုင်ပွဲအား စတင်ဖွင့်လှစ်ပေးပြီးနောက် ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်၍ အားကစားပစ္စည်းများ ပေးအပ်ခဲ့ကြောင်းနှင့် အသင်းလိုက်ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၄)

o-o-o-o-o



သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့.စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၀၄၇၃၉၈၊ ၀၂-၂၀၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/ ၀၉-၇၅၁၁၇၀၁၁၉ ၃၅လမ်းနှင့် ၇၁လမ်းထောင့်

☆ ရှေ့ဖုံးမှ

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာဖြင့် ဆက်လက်လျှောက်လှမ်းလျက်ရှိမှုနှင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် နိုပွန်ဖောင်ဒေးရှင်း ဂုဏ်ထူးဆောင်ဥက္ကဋ္ဌအနေဖြင့် တတ်နိုင်သည့်ဘက်မှ ကူညီကြိုးပမ်း ဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံ၌ လူစွမ်းအား အရင်းအမြစ်များ မြှင့်တင်ရေးအတွက် နိုပွန်ဖောင်ဒေးရှင်းမှ ကူညီ ဆောင်ရွက်ပေးသွားမည့်အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့

National Historical and Cultural Museum-Reserve “Nesvizh” သို့ သွားရောက်လေ့လာ



မင့်စ် အောက်တိုဘာ ၂၀

ဘယ်လာရုစ်သမ္မတနိုင်ငံ အထက်လွှတ်တော် ဥက္ကဋ္ဌ မစ္စစ် နာတာလျာ ကိုချန်နိုဗာ ဖိတ်ကြားချက်အရ ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံမှတစ်ဆင့် လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာလာရာ အောက်တိုဘာ ၂၀ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီ မိနစ် ၅၀ တွင် ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့အား လေဆိပ်၌ ဘယ်လာရုစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ Mr. Igor Brylevich၊ အမျိုးသားလွှတ်တော် နိုင်ငံတကာရေးရာနှင့် အမျိုးသားလုံခြုံရေးဆိုင်ရာ အမြဲတမ်းကော်မရှင်ဥက္ကဋ္ဌ Mr.Sergei ALEINK နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမောင်မောင်စိုးတို့က ကြိုဆိုကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့သည် ဘယ်လာရုစ်သမ္မတနိုင်ငံ ညွှက်စဘစ်ရှ် (Nesvizh) မြို့ရှိ National Historical and Cultural Museum-Reserve “Nesvizh” ပြတိုက်သို့ သွားရောက်လေ့လာကြသည်။

အဆိုပါ ပြတိုက်သည် ၂၀၀၅ ခုနှစ်တွင် ယူနက်စကို (UNESCO) ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ခဲ့ပြီး ပြတိုက်အတွင်း၌ ပြခန်းပေါင်း ၁၅ ခန်း၊ အမွေနှစ်ပစ္စည်း ၂၄၀၀၀ ကျော်ရှိကြောင်း သိရသည်။

ထို့ပြင် ပြတိုက် ပရိဝုဏ်တွင် Nesvizh မြို့တော်ခန်းမ၊ သမိုင်းဝင် Slutsk ဂိတ်တံခါး၊ သမိုင်းဝင်ပန်းခြံငါးခု (Castle Park, Old Park, Japanese Park, English Park နှင့် Marysin-New Park) တည်ရှိပြီး ၈က ၁၆၀ ကျော် ကျယ်ဝန်းကြောင်း သိရသည်။

သတင်းစဉ်

အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်း အမှတ်စဉ်(၁၂)သင်တန်းဖွင့်လှစ်

ကျိုင်းတုံ အောက်တိုဘာ ၂၀

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(ကျိုင်းတုံ)၏ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်း အမှတ်စဉ်(၁၂)သင်တန်း ဖွင့်ပွဲကို အောက်တိုဘာ ၁၉ ရက်က အဆိုပါ ကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ သင်တန်းဖွင့်ပွဲတွင် တြိဂံဒေသတိုင်း စစ်ဌာနချုပ်မှ ဗိုလ်မှူးချုပ် ကျော်ထက်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး သင်တန်းကျောင်းအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

ထို့နောက် အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းသင်တန်းကျောင်း(ကျိုင်းတုံ) ကျောင်းအုပ် ဒေါ်နန်းယုန်းက သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် တိုင်းဦးစီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းနည်းပြများနှင့် သင်တန်းသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ ခင်းကျင်းပြသထားသည့် သင်ထောက်ကူပစ္စည်းများကို ကြည့်ရှုအားပေးကြသည်။ အဆိုပါ သင်တန်းသို့ သင်တန်းသူ ၃၀ ဦး တက်ရောက်ကြပြီး ရက်သတ္တ ၂၂ ပတ်ကြာ ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)





ချန်ပိယံလိစ် ဘောလုံးပြိုင်ပွဲ အမှတ်ပေးလိဂ်အဆင့် အနိုင်၊ အရှုံး				NGB
ဗီနာဘာချီ	၂	-	၂	ဆလားဗီးယားပရက်
ဆာဘက်ရှ်	၁	-	၂	ဒေါ့မွန်

အင်လိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၆)ပွဲကျန် အနိုင်၊ အရှုံး				NGB
ဝုစ်	၁	-	၁	ပို့စ်စမောက်

ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်ကြစို့။

မန္တလေးတိုင်းဒေသကြီး သမဝါယမလုပ်ငန်းများ စနစ်တကျအောင်မြင်ရေး တာဝန်ရှိသူများအား ဒုတိယဝန်ကြီး ဦးသိုက်စိုး တွေ့ဆုံမှာကြား



နေပြည်တော် အောက်တိုဘာ ၂၀

မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်၊ မြို့နယ် ၂၁ မြို့နယ်မှ သမဝါယမအသင်းစုဥက္ကဋ္ဌများ၊ အသင်းအမှုဆောင်များ၊ မြို့နယ်ဦးစီးမှူးများ၊ မြို့နယ် ခုနစ်မြို့နယ်မှ စိုက်ပျိုးမွေးမြူရေး သမဝါယမအသင်းသားတောင်သူများအား ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနရုံး၌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုး တွေ့ဆုံ၍ စိုက်ပျိုးမွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ မှာကြားသည်။

ထိုသို့တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက စနစ်ကျသော သမဝါယမစိုက်ပျိုးမွေးမြူရေး လုပ်ငန်းများဖြစ်စေရန်၊ မန္တလေးတိုင်းဒေသကြီးနှင့် မိတ္ထီလာခရိုင်အား စိုက်ပျိုးရေး၊ မွေးမြူရေးကိုအခြေခံ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် စံပြဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အလေးထားဆောင်ရွက်ရန်၊ စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များကို အဆင့်မြှင့်တင်ထုတ်လုပ်၍ ပြည်ပသို့ တင်ပို့ရောင်းချနိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ သမဝါယမဦးစီးဌာနညွှန်ကြားရေးမှူးချုပ်က စနစ်တကျနှင့် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်၊ ကုန်သွယ်၊ ဝန်ဆောင် သမဝါယမလုပ်ငန်းများဖြစ်အောင် ဆောင်ရွက်နိုင်ရေး ဖြည့်စွက်ရှင်းလင်းဆွေးနွေးရာ ဒုတိယဝန်ကြီးက တိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်၊ မြို့နယ် ၂၁ မြို့နယ်မှ ဦးစီးမှူးများ၊ မြို့နယ်သမဝါယမအသင်းစုများမှ အမှုဆောင်များနှင့် အသင်းသားတောင်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ကန့်ဘလူ အောက်တိုဘာ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ခေတ်မီစံပြကျေးရွာ (Smart Village) ထူထောင်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော နတ်ပေးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများကို အောက်တိုဘာ ၁၉ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ ကွန်ကရစ်လမ်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ် ၅၄၃ သိန်း၊ ကျေးရွာပြည်သူများ၏ လုပ်အား၊ ထည့်ဝင်ငွေကျပ် ၂၀၁ သိန်း၊ စုစုပေါင်း ၇၄၄ သိန်းဖြင့် ကျေးရွာတွင်း လမ်းအရှည် ပေ ၁၀၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မထူ အတိုင်းအတာရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းမကြီးခင်းခြင်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကူအညီဖြင့် ကျေးရွာနေ ပြည်သူများကိုယ်တိုင် ဆောင်ရွက်ခဲ့ရာ ယခုအခါ ၆၀ ရာခိုင်နှုန်းခန့် ပြီးစီးနေမှုကို မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်ခိုင်နှင့် တာဝန်ရှိသူများက အရည်အသွေးပြည့်မီပြီး ရေရှည်တည်တံ့အောင် ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ကျေးရွာနေ ပြည်သူများ ရာသီမရွေး သွားလာရလွယ်ကူမည်ဖြစ်ကာ ပညာရေး၊ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးလုပ်ငန်းများတွင် အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

အောင်ဝင်းဦမိုး(ကန့်ဘလူ)

၀-၀-၀-၀-၀



တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၀

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Jeng Phang နော်တောင်က တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၁၉၇ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁) ဦးရန်နိုင်ဝင်း၏ **ဧရာဝတီတိုင်းဒေသကြီး ကျုပ်ခရိုင် ရေကြည်မြို့နယ် ငှက်ပျောတောကွင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းရှိ ကျောင်းသား ကျောင်းသူ ၁၅၇ ဦး ဘေးအန္တရာယ်ကင်းရှင်းစွာ ပညာသင်ကြားနိုင်ရေးအတွက် ယိုယွင်းပျက်စီးနေသော ကျောင်းဆောင် ဟောင်းနေရာတွင် ကျောင်းဆောင်သစ်တစ်ဆောင်ကို မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဖြည့်ဆည်းဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်တည်ဆောက်ရေးလုပ်ငန်းရှုခံအတွက် ခွင့်ပြုရန်ပံ့ငွေကျပ် ၂၂၇ ဒသမ ၇ သန်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ငှက်ပျောတောကွင်း အခြေခံပညာမူလတန်းကျောင်းတွင် မူလတန်းအဆင့် ကျောင်းသား ၁၅၇ ဦးရှိပြီး စာသင်ဆောင်များအနေဖြင့် စုစုပေါင်းစာသင်ကျောင်းဆောင် နှစ်ဆောင်ရှိပြီး စာသင်ခန်း ခြောက်ခန်းဖြင့် သင်ကြားမှုသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ (၁၁၀ x ၂၆)ပေ အုတ်ညှာတစ်ထပ်ကျောင်းဆောင်သည် ပျက်စီးယိုယွင်းခြင်းမရှိသေးသော်လည်း ပြုပြင်ထိန်းသိမ်းဆောင်ရွက်၍ရနေသည့်အတွက် အကြီးစားပြန်လည်ပြင်ဆင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အဆိုပါကျောင်းဆောင်အပြင်တွင် ကျောင်းဆောင် (၁၈၀ x ၂၆)ပေ သွပ်မိုးထရံကာဖြင့် သင်ကြားနေရသည့်အတွက်ကြောင့် ကျောင်းသားအင်အားအရ လိုအပ်နေသည့် ပေ(၆၀x၃၀) RC တစ်ထပ် တိုးချဲ့ဆောက်လုပ်ရန်အတွက် လာမည့်ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းတည်ဆောက်ရေး ဘတ်ဂျက်ရန်ပုံငွေရရှိမှုအပေါ်မှာ တိုင်းဒေသကြီး တန်းစီဇယားဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၃) ခွန်ထိုင်း၏ **ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် ပင်လောင်းမြို့ အနောက်ရပ်ကွက် ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းအား ပေ(၁၄၀x၃၀) RCC (၂)ထပ်ကျောင်းဆောင်သစ် (၁)ဆောင်အား ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန အနေဖြင့် ရှမ်းပြည်နယ်တောင်ပိုင်းတွင် ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းတည်ဆောက်ရေး ခွင့်ပြုရန်ပုံငွေ ၃၉ ဒသမ ၀၇ သန်းဖြင့် လုပ်ငန်းပေါင်း ၁၅၉ ခုကို လက်ရှိဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ပင်လောင်းမြို့အတွက် မန္တလေးလေဆိပ်ကြောင့် ပျက်စီးသွားသည့် ကျောင်းဆောင်အစား အသစ်ဆောက်လုပ်ခြင်းလုပ်ငန်းနှစ်ခုအပါအဝင် လုပ်ငန်းပေါင်း ၁၃ ခု အတွက် ခွင့်ပြုငွေကျပ် ၃၂၉၇ သန်းဖြင့် လုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၏ မြေဧရိယာသည် ၁ ဒသမ ၅၀ ဧက ကျယ်ဝန်းပြီး ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် မူလတန်းဆင့် ကျောင်းသား ၅၂၀၊ အလယ်တန်းဆင့်



တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ ကျင်းပစဉ်။

ကျောင်းသား ၇၈၃ ဦး၊ အထက်တန်းဆင့်ကျောင်းသား ပေါင်း ၂၉၂ ဦး စုစုပေါင်း ကျောင်းသားပေါင်း ၁၅၉၅ ဦးရှိပါကြောင်း၊ အဆိုပါကျောင်းတွင် ကျောင်းဆောင် ခုနစ်ဆောင်၊ စာသင်ခန်း ၃၀ နှင့် သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး တန်းခွဲဦးရေအရ လိုအပ်နေသည့် စာသင်ခန်းရှစ်ခန်းစာ ပေ(၁၄၀x၃၀) RC နှစ်ထပ်ကျောင်းဆောင် ဆောက်လုပ်နိုင်ရန်အတွက် လာမည့်ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းတည်ဆောက်ရေး ဘတ်ဂျက်ရရှိမှုအပေါ် ပြည်နယ်၏ တန်းစီဇယားဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၉) ဒေါ်ကျင်သိန်း၏ **နိုင်ငံ့ဝန်ထမ်းဌပေ၊ အငြိမ်းစားယူခြင်းဥပဒေမှ ဝန်ထမ်းနှစ်ပြည့်ပင်စင်လျှောက်ထားခြင်းနှင့် ပတ်သက်၍ နိုင်ငံ့ဝန်ထမ်းများဖြစ်သော ပညာရေးဝန်ထမ်းများသည် အသက်(၅၅)နှစ်ပြည့်ပြီး ဝန်ထမ်းလုပ်သက် (၃၀)နှစ်ပြည့်သော်လည်း တင်ပြလျှောက်ထားခွင့်မပြုဖြစ်နေပါသောကြောင့် ဝန်ထမ်းသည် အငြိမ်းစားယူရန် လိုအပ်ပါက ပြည်ထောင်စုအစိုးရမှ လျှောက်ထားခွင့် ပြု/မပြု နှင့် ခံစားခွင့် ရှိ/မရှိ သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က နိုင်ငံတော်၏ လူစွမ်းအားအရင်းအမြစ်ကို ထိန်းသိမ်းရန်၊ လုပ်သက်ရင့် နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ငန်းအတွေ့အကြုံနှင့် ကျွမ်းကျင်မှုတို့အရ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် ဆက်လက်အထောက်အကူပြုစေရန်၊ လုပ်ငန်းကျွမ်းကျင်သည့် လုပ်သက်ရင့် နိုင်ငံ့ဝန်ထမ်းများကို နိုင်ငံတော်က ဆက်လက်ချီးမြှောက်ရန်အလို့ငှာ ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၇၆၊ ပုဒ်မခွဲ (က)တွင် အပ်နှင်းထားသည့်လုပ်ပိုင်ခွင့်ကိုကျင့်သုံးပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ၂၀၂၂ ခုနှစ် မတ် ၃၀ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် ၁၅/၂၀၂၂ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို စတုတ္ထအကြိမ် ပြင်ဆင်သည့်နည်းဥပဒေများကို ထုတ်ပြန်ခဲ့ပါကြောင်း။

အဆိုပါပြင်ဆင်ချက်တွင် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃ ကို ဝန်ထမ်းတစ်ဦး အငြိမ်းစားယူရမည့်နေ့ရက် သတ်မှတ်ချက်သည် ယင်းဝန်ထမ်းအသက် ၆၂ နှစ်ပြည့်သည့်နေ့ရက်ဖြစ်သည်ဟူ၍ လည်းကောင်း၊ နည်းဥပဒေ ၂၃၊ နည်းဥပဒေခွဲ (က)ကို တည်ဆဲဥပဒေ တစ်ရပ်ရပ်ပါပြဋ္ဌာန်းချက်များအရ သီးခြားသတ်မှတ်သည့် ကိစ္စမှတစ်ပါး အသက် ၆၂ နှစ်ပြည့်သောအခါ သတ်မှတ်ချက်များနှင့်အညီ သက်ပြည့်ပင်စင်ခံစားခွင့် ရှိသည်ဟူ၍ လည်းကောင်း ဖော်ပြပါရှိပါကြောင်း။

သို့သော် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံမှကြိုးစားနေသည့်ကာလတွင် ပညာရေးဖွံ့ဖြိုးတိုးတက်ရန်နှင့် နိုင်ငံတော်အတွက် လူစွမ်းအား အရင်းအမြစ်များမွေးထုတ်ပေးရန် လိုအပ်နေသည့် အတွက်ကြောင့်လည်းကောင်း၊ အခြေအနေအရပ်ရပ်ကြောင့် ဝန်ထမ်းပြုန်းတီးမှုများရှိနေသည့်အတွက်ကြောင့်လည်းကောင်း၊ သင်ကြားသင်ယူမှုလုပ်ငန်းများနှင့် ရုံးလုပ်ငန်းများ အရှိန်ဟုန်မမျက် ဟန်ချက်ညီညီ ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက်လည်းကောင်း၊ ဝန်ထမ်းအင်အားနည်းပါးနေခြင်း ထပ်မံဖြည့်တင်းရန် လိုအပ်နေခြင်းတို့ကြောင့် လည်းကောင်း၊ နိုင်ငံတော်၏ အနာဂတ်မျိုးဆက်သစ် လူငယ်များ ပညာသင်ယူမှုရပ်တန့်မသွားစေရန် အတွက်လည်းကောင်း ဝန်ထမ်းလိုအပ်ချက်ကို အစွမ်းကုန်ဖြည့်ဆည်းကြိုးပမ်းဆောင်ရွက်နေရသည့် ကာလဖြစ်နေသည့်အတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၊ နည်းဥပဒေခွဲ (ခ) ပါ အသက် ၅၅ နှစ်ပြည့်ပြီးသော ဝန်ထမ်းသည် လုပ်သက် ၃၀ နှစ်ပြည့်ပါက နှစ်ပြည့် ပင်စင်ခံစားခွင့်ရှိသည်ဟုဖော်ပြချက်ပါ နှစ်ပြည့်ပင်စင် နှင့် နည်းဥပဒေခွဲ (ဆ)ပါ လျှော့ပေါ့ပင်စင် ခံစားခွင့် များကို ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလမှစ၍ ယာယီ ရပ်ဆိုင်းထားရခြင်းဖြစ်ပါကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၈) ဦးတင်မောင်ဝင်း၏ **တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပုလောမြို့နယ် ပလောက်မြို့ အခြေခံပညာအထက်တန်းကျောင်း တွင် ကျောင်းသားဦးရေ များပြားလာသောကြောင့် စာသင်ခန်းမလုံလောက်သည့်အပြင် လက်ရှိသင်ကြား နေသည့် စာသင်ဆောင်များမှာလည်း ပျက်စီးယိုယွင်း နေပါသဖြင့် ပေ(၁၄၀ x ၃၀) RC (၃)ထပ်ကျောင်း ဆောင်သစ်တစ်ဆောင်ကို လာမည့်ဘဏ္ဍာရေးနှစ် တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်း နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် အခြေခံ ပညာအထက်တန်းကျောင်းတွင် မူလတန်းဆင့် ကျောင်းသား ၅၂၄ ဦး၊ အလယ်တန်းဆင့်ကျောင်းသား ၅၄၁ ဦး၊ အထက်တန်းဆင့် ၂၃၇ ဦး စုစုပေါင်း ၁၃၀၂ ဦးရှိပြီး စာသင်ကျောင်းဆောင်ငါးဆောင်နှင့် စာသင် ခန်း ၂၄ ခန်းဖြင့် သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် တနင်္သာရီ တိုင်းဒေသကြီး ပုလောမြို့နယ် ပလောက်အခြေခံ ပညာအထက်တန်းကျောင်းတွင် ပျက်စီးနေသည့် ကျောင်းဆောင်တချို့ကို ပြန်လည်ပြုပြင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ကျောင်းသားနှင့် အတန်းခွဲဦးရေအရ ထပ်မံလိုအပ်နေသည့် စာသင်ခန်း ၈ ခန်းစာ ပေ (၁၄၀ x ၃၀) RC နှစ်ထပ်ကျောင်းဆောင် ဆောက်လုပ်ပေးနိုင်ရန်အတွက် နိုးစပ်ရာဘဏ္ဍာနှစ် တွင် ငွေလုံးငွေရင်းတည်ဆောက်ရေး ဘတ်ဂျက်ရရှိမှု အပေါ် တိုင်းဒေသကြီးတန်းစီဇယားဖြင့် ဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၂) ဦးအောင်ချစ်လွင်၏ **စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် တမူးမြို့နယ် မြို့နယ်ပညာရေးမှူးရုံး ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် အစီအစဉ်ရှိပါက မည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးမည်ကို သိရှိလို ခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၀၂၆–၂၀၂၇ ငွေလုံးငွေရင်းတည်ဆောက်ရေး ခွင့်ပြု ရန်ပုံငွေကျပ် ၁၁ ဒသမ ၅၉ ဘီလီယံဖြင့် လုပ်ငန်း ပေါင်း ၅၄ ခုကို ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် ပညာရေးမှူးရုံး၏မြေသည် သုည ဒသမ ၀၆၈ ဧက ကျယ်ဝန်းပါကြောင်း၊ တမူးမြို့နယ် ပညာရေးမှူးရုံးတွင်ရှိသည့် ပေ(၉၀x၃၀) သွပ်မိုးအုတ်ညှပ် တစ်ထပ်အဆောက် အအုံသည် ၂၀၂၄ ခုနှစ် ဇွန်ခဲ့ ၃ ရက်တွင် မိုးရွိုဖျက်ဆီးခြင်း ခံရသည့်အတွက် တမူးမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း တပင်ရွေထီးအဆောင်၏ အပေါ် ထပ်တွင် ရုံးလုပ်ငန်းများ ဆောင်ရွက်နေရပါကြောင်း။

ထို့ကြောင့် စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် ပညာရေးမှူးရုံးတွင် ပေ(၁၀၀ x ၃၀)RC နှစ်ထပ်အသစ် ဆောက်လုပ်နိုင်ရန်အတွက် လာမည့်ဘဏ္ဍာရေးနှစ် တွင် ငွေလုံးငွေရင်းတည်ဆောက်ရေး ဘတ်ဂျက်ရရှိမှု အပေါ် တိုင်းဒေသကြီး ဦးစားပေးအစီအစဉ်အလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၂) ဦးဗိုလ်သိန်းနိုင်၏ **၂၀၂၆ – ၂၀၂၇ ပညာသင်နှစ်မှ စတင်ဝင်ရောက် လာသော KG တန်း ကျောင်းသားများမှ အစပြု၍ မူလတန်းပညာရေးမှာ နိုင်ငံချစ်စိတ်ရှိလာရေး၊ လောကနီတိများအား သိရှိနားလည်လာရေး၊ ယဉ်ကျေးသိမ်မွေ့သော လူသားအရင်းအမြစ်များ တိုးတက်ရရှိလာရေးတို့ကိုဖြစ်ပေါ်စေမည့် ပညာရေး အထူးစီမံချက်(အထူးစီမံချက်)များ ရည်မှန်းဆောင် ရွက်ထားခြင်း ရှိ/မရှိ သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ယဉ်ကျေး သိမ်မွေ့သော လူသားအရင်းအမြစ်များ တိုးတက်ရရှိ လာရေးတို့ကိုဖြစ်ပေါ်စေမည့် စာရိတ္တပိုင်းဆိုင်ရာ ကျင့်ဝတ်နှင့် ပြည်သူ့နိုတိသဘောတရားများ ထည့်သွင်းရေးဆွဲထားသည့် စာရိတ္တနှင့် ပြည်သူ့နိုတိ ဘာသာရပ်ကို Grade–1 မှ Grade–11 အထိ ရေးဆွဲ ပြဋ္ဌာန်း သင်ကြားစေလျက်ရှိပါကြောင်း။

ပညာရေးဝန်ကြီးဌာနနှင့် Unicef Myanmar တို့ ပူးပေါင်းပြီး ကျောင်းအခြေပြု မူလတန်းကြိုကျောင်း များရှိ ကလေးများအတွက် ပုံပြင်စာအုပ်များဖြန့်ဝေ ပေးလျက်ရှိပါကြောင်း၊ မူလတန်းကြို၊ သူငယ်တန်းနှင့် မူလတန်းပညာရေးလုပ်ငန်းများ အားကောင်းလာ စေရေးအတွက်လည်း အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၁၆– ၂၀၂၁)တွင် ထည့်သွင်း ရေးဆွဲခဲ့ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ထို့ပြင် အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်း (၂၀၂၁–၂၀၃၀)တွင်လည်း ဆက်လက် ထည့်သွင်းပြီး မဏ္ဍိုင်(၁) အခွင့်အလမ်းနှင့် လူတိုင်း အကျုံးဝင်မှု၊ မဏ္ဍိုင်(၂) သင်ရိုးညွှန်းတမ်း၊ မဏ္ဍိုင်(၃) ပညာသင်ကြားသင်ယူမှုနှင့် မဏ္ဍိုင်(၇) နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုနှင့် မိတ်ဖက်အဖွဲ့အစည်း များ၏ မဟာဗျူဟာများနှင့် လုပ်ငန်းအစီအစဉ်များ အရ သူငယ်တန်းနှင့် မူလတန်း ဆရာ ဆရာမများ အတွက် ဆရာလမ်းညွှန်များအပါအဝင် သင်ကြား သင်ယူမှု အထောက်အကူပစ္စည်းများ၊ အခြေခံ အဆောက်အအုံများ စွမ်းရည်မြှင့်တင်ရေး သင်တန်း ပေးခြင်းများကို ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပြင်ပ ရောက်ရှိနေသော ကျောင်းနေအရွယ်လွန် ကလေး လူငယ်များအတွက် ကျောင်းပြင်ပမူလတန်းပညာရေး အစီအစဉ်နှင့် ကျောင်းပြင်ပအလယ်တန်းပညာရေး အစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိရာ ကျောင်းပြင်ပမူလတန်းပညာရေးတွင် ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူ များ နိုင်ငံချစ်စိတ်ရှိလာရေး၊ လောကနီတိများအား သိရှိနားလည်လာရေး၊ ယဉ်ကျေးသိမ်မွေ့သော လူသားအရင်းအမြစ်များ တိုးတက်လာစေရန်အတွက် ကျောင်းပြင်ပမူလတန်းပညာရေး ပြဋ္ဌာန်းသင်ရိုး ပထမဆင့်တွင် ရုပ်ပြကတ်များဖြင့်လည်းကောင်း၊ ဒုတိယဆင့်တွင် အထွေထွေဘာသာရပ် (စာရိတ္တနှင့် ပြည်သူ့နိုတိ) တွင်လည်းကောင်း သင်ကြားပေးလျက် ရှိပါကြောင်း။

သို့ပါ၍ KG တန်း ကျောင်းသားများမှအစပြု၍ ကျောင်းသား ကျောင်းသူများ နိုင်ငံချစ်စိတ်ရှိလာစေ ရေး၊ လောကနီတိများအား သိရှိနားလည်လာစေရေး၊ ယဉ်ကျေးသိမ်မွေ့သော လူသားအရင်းအမြစ်များ တိုးတက်ရရှိလာစေရေးတို့အတွက် ပိုမိုရေရှည်တည်တံ့ နိုင်မြဲဖြင့် ထိရောက်အောင်မြင်စေရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာနက ဦးဆောင်ပြီး အမျိုးသားအဆင့် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေး ကော်မတီကို ဖွဲ့စည်းထားရှိပြီး KG ကလေးများအား ပြုစုပျိုးထောင်ပေးလျက်ရှိပြီး ရေတိုရေရှည်စီမံကိန်း များချမှတ်ပြီး စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ယင်းနောက် တတိယအကြိမ် အမျိုးသား လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၁ ရက် မြောက်နေ့ကို ရုပ်နားလိုက်ပြီး အစည်းအဝေး ၁၂ ရက် မြောက်နေ့ကို အောက်တိုဘာ ၂၂ ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းအဖွဲ့**

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ကိုယ်စားလှယ်များ တွေ့ဆုံပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ



နေပြည်တော် အောက်တိုဘာ ၂၀

အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အနေဖြင့် ရေရှည် တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးလုပ်ငန်းစဉ်များ ဖော်ဆောင်နိုင်ရန်ရည်ရွယ်၍ နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ ကိုယ်စားလှယ်များနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၂၀) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာနခွဲ ကျင်းပသည်။

တက်ရောက်

တွေ့ဆုံပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ဝင်များဖြစ်သည့် နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်း(ငြိမ်း)က နိုင်ငံရေးပါတီများအနေဖြင့် ယခင်ကလည်း ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများအကြား ဆက်ဆံရေးနှင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်ရေးဆိုင်ရာနှင့် ပတ်သက်သည့် ကိစ္စများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆွေးနွေးနိုင်ခဲ့ကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုဆိုသည်မှာ နိုင်ငံရေးကျင့်စဉ်နှင့် အာဏာခွဲဝေမှုတို့ ဖြစ်ကြောင်း၊ နှစ်ဖက်ဆွေးနွေးရာတွင် သဘောတူညီချက်များ ရရှိနိုင်သကဲ့သို့ ဆက်လက်ဆွေးနွေးရမည့် ကိစ္စများလည်းရှိလာမည် ဖြစ်ပါကြောင်း၊ ယခုလည်း ဖက်ဒရယ်ဆိုင်ရာအချက်များအား ဆွေးနွေးညှိနှိုင်း၍ ကျယ်ကျယ်ပြန့်ပြန့်နှင့် ပွင့်မှင့်လင်းလင်း ဆွေးနွေးသွားကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ကိုယ်စားအဖွဲ့ခေါင်းဆောင် ဒေါက်တာအောင်မြတ်ဦးက ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို တည်ဆောက်ရာတွင် မိမိနိုင်ငံနှင့် ကိုက်ညီသည့် ဖက်ဒရယ်စနစ်ဖြစ်ရန်လိုကြောင်း၊ ပြည်ထောင်စု အစိုးရနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ ဆက်ဆံရေး ကောင်းမွန်စေရန် အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)တွင် ပြင်ဆင်သင့်သည့်အချက်များ ပြင်ဆင်ရန် လိုအပ်ကြောင်း၊ နိုင်မာသည့် ပြည်ထောင်စုဖြစ်ရန် လိုအပ်သကဲ့သို့ လွတ်လပ်ပြီး တရားမျှတသည့် ပြည်ထောင်စုကြီးလည်း ဖြစ်ရန် လိုကြောင်း၊ ပြည်ထောင်စုအစိုးရသည် တစ်နိုင်ငံလုံးကို ကိုယ်စားပြုသည့်အတွက် ခိုင်မာအားကောင်းရန်လိုအပ်ပြီး တိုင်းဒေသကြီး/ပြည်နယ် အစိုးရများသည် လွတ်လွတ်လပ်လပ် လုပ်ကိုင်နိုင်ရန် လုပ်ပိုင်ခွင့် ပြည့်ပြည့်ဝဝရှိရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့ဝင်များက ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီးအစိုးရများအကြား ဆက်ဆံရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးရာတွင် နိုင်ငံရေးပါတီများအနေဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေးအတွက် ပါတီတွင်း ထုတ်ပြန်ချက်များ ထုတ်ပြန်ပြီး ရပ်တည် ဆွေးနွေးခဲ့ကြောင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်များအကြား ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး ကိစ္စရပ်များအား အာဏာခွဲဝေမှုတွင် ဆီလျော်ရန်လိုအပ်ကြောင်း၊ (၂၀၀၈ ခုနှစ်) ဖွဲ့စည်းပုံအခြေခံဥပဒေသည် အစိုးရ ၂ ရပ်၊ လွှတ်တော် ၃ ရပ်ရှိသည့်အတွက် ဖက်ဒရယ်ပုံစံ ဖြစ်ကြောင်း၊ ဖက်ဒရယ်ကို စဉ်းစားရာတွင် အလွှာအားလုံး ပါဝင်အောင် ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ပြည်ထောင်စု အစိုးရနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရများအကြား လုပ်ငန်းတာဝန်ကို ရှင်းလင်းစွာ သတ်မှတ်ရန်လိုကြောင်း၊ ပြည်ထောင်စုအစိုးရ အနေဖြင့် နိုင်ငံတစ်ဝန်းလုံးနှင့် သက်ဆိုင်သည့် အတွက် သက်ဆိုင်ရာမူဝါဒများ၊ အမျိုးသားအဆင့်စီမံကိန်းများ၊ ဘဏ္ဍာရေး စီမံခန့်ခွဲမှုများကို ညှိနှိုင်းဆောင်ရွက်သင့်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအကြား ပထဝီအနေအထား လူဦးရေ၊ စီးပွားရေးနှင့် လူမှုရေးလိုအပ်ချက်အပေါ် အခြေခံပြီး ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရန်လို ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း(ငြိမ်း)က ပြည်ထောင်စုဥပဒေပြုစာရင်းနှင့် တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်ဥပဒေပြုစာရင်းတွင် ပြဋ္ဌာန်းပြီးဥပဒေများ၊ ပြဋ္ဌာန်းရန်ကျန်သည့် ဥပဒေများနှင့် နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့မှ ဆွေးနွေးတင်ပြမှုများကို အကျဉ်းချုပ်ပြန်လည်ဆွေးနွေးခဲ့သည်။

ထို့နောက်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က နှစ်ရက်တာ ဆွေးနွေးမှုများအပေါ် ပြန်လည် ရှင်းလင်းဆွေးနွေးရာတွင် နိုင်ငံရေးပါတီများအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပိုမိုပါဝင်လာစေရေး၊ ညှိနှိုင်းရေးကော်မတီဘက်မှ နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍကို မြှင့်တင်ပါက ထိတွေ့ဆက်ဆံနိုင်သည့် အတိုင်းအတာနှင့် လုပ်ပိုင်ခွင့်များကို ရှင်းလင်းစွာသတ်မှတ်ပေးရေး၊ နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့အနေဖြင့် ပါတီတစ်ခုချင်းစီ၏ သဘောထားများအား ဖော်ပြနေခြင်းထက် ပါဝင်ပတ်သက်သည့် နိုင်ငံရေးပါတီအားလုံး၏အသံကို ထင်ဟပ်နိုင်စေရေး၊ ဆွေးနွေးပွဲအဆုံးတွင် ရပ်တန့်မနေဘဲ မည်သို့ချိတ်ဆက်ဆောင်ရွက်နိုင်မည် ဆိုသည့် နည်းလမ်းများ ဖော်ထုတ်နိုင်ရေး တို့အား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

ယင်းနောက် ဆွေးနွေးမှုများနှင့် ပတ်သက်၍ မှတ်တမ်းတင်ပြီး ရရှိသောသဘောထား စုစည်းချက်များကို မှတ်တမ်းတင် လက်မှတ်ရေးထိုးကြသည်။

ထို့နောက် နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင် ဒေါက်တာအောင်မြတ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နိဂုံးချုပ်အမှာစကားပြောကြား၍ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

❐ သဖန်းဆိပ်မှ

ထိုသို့ စိုက်ပျိုးရေးပေးဝေနေမှုကို မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးတင်ကိုကိုသည် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ဆက်လက်၍ သဖန်းဆိပ်လျှပ်စစ်မြစ်ရောင်စီမံကိန်း ရှင်းလင်းဆောင်၌ သဖန်းဆိပ် လျှပ်စစ်မြစ်ရေတင်စီမံကိန်း ရေသောက်ဓရိယာအတွင်းရှိ စိုက်ပျိုးထားသည့် ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ မိမိတို့ဒေသအတွင်း သီးနှံများစိုက်ပျိုးရာတွင် တစ်နှစ်သီးနှံသုံးသီး စိုက်ပျိုးနိုင်အောင် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း၊ သီးနှံစိုက်ပျိုးရာတွင် ဒေသတွင်း လိုအပ်သော မျိုးကောင်းမျိုးသန့်များကို စနစ်တကျ ရွေးချယ်သုံးစွဲပြီး စိုက်ပျိုးကြစေလိုကြောင်း ပြောကြားကာ ဒေသခံတောင်သူများ၏ လိုအပ်ချက်များနှင့် ဆွေးနွေးတင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့ပြင် သဖန်းဆိပ်ရေလှောင်ကန် ရေတင်အဆင့်(၂)၊ ပင်မမြောင်းပေတိုင် ၅၀၀၀ အနီးရှိ ကန်ကြီးကန်အား အယ်လ်နီညို့ ရာသီဥတုဖြစ်စဉ်များ အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပုတီးကုန်းကျေးရွာရှိ ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ စိုက်ပျိုးရေးလုံလောက်စွာရရှိရေးနှင့် ရာသီသီးနှံများစိုက်ပျိုးထားရှိမှုအခြေအနေများကို အသေးစိတ်မေးမြန်း၍ တောင်သူများ၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မကွေးမြို့နယ်သည် ပူပြင်းခြောက်သွေ့ပြီး အလယ်ပိုင်းမိုးနည်းရေရှားဒေသတွင်ပါဝင်ကာ နှစ်စဉ်ပျမ်းမျှမိုးရေချိန် ၂၉ လက်မခန့်သာရရှိသဖြင့် ယခင်က သဘာဝမိုးရေကိုသာ အဓိကမှီခိုအားထား၍ တစ်နှစ်လျှင် နှစ်သီးသာ စိုက်ပျိုးနိုင်ခဲ့ပြီး ယခုအခါ သဖန်းဆိပ် လျှပ်စစ်မြစ်ရေတင်စီမံကိန်းကို ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းကြောင့် သဖန်းဆိပ်ဒေသရှိ စိုက်ပျိုးမြေ ဧက ၄၅၀၀၀ ကို ရေသွင်းစိုက်ပျိုးပေးနိုင်ခဲ့ကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)

နောင်ဟွယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

မိုင်းကိုင် အောက်တိုဘာ ၂၀

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကုံးလုံးကျေးရွာအုပ်စု၊ နောင်ဟွယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မှုများကို အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများနှင့်အတူ နောင်ဟွယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၈ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယား ပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ နောင်ဟွယ် ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ၂၆ ဦးကို ငွေကျပ် ၄၅ သန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ အသင်းသား၊ အသင်းသူ နှစ်ဦးကို သုံးသန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၈ ဦးကို ၄၈ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အောင်ရဲကျော်

၀-၀-၀-၀-၀

ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်းပွဲအခမ်းအနား ကျင်းပ

မန္တလေး အောက်တိုဘာ ၂၀

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၇ ရက်တွင် ကျရောက်မည့် ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ကြိုဆိုဂုဏ်ပြုသောအားဖြင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အရာထမ်း၊ အမှုထမ်းများ စုပေါင်းသွေးလှူဒါန်းပွဲအခမ်းအနားကို ယနေ့နံက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးပြည်သူ့ဆေးရုံကြီး၊ မန်းတောင်ရိပ်ကိုးထပ်ဆောင်တွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၄င်းတို့၏ဇနီးများ၊ အသင်းအဖွဲ့အစည်းဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများနှင့် တာဝန်ရှိသူများက ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကျန်းမာရေးဝန်ထမ်းများမှ သွေးလှူရှင်များအား ကျန်းမာရေးစစ်ဆေးပေးနေမှုနှင့် သွေးလှူဒါန်းနေကြသည့် ဝန်ထမ်းများအား နွေတ်ဆက်အားပေး၍ အာဟာရဖြည့်စွက်စာများပေးအပ်ပြီး တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လှူဒါန်းထားသော သွေးအိတ် ၈၆ အိတ်ကိုလည်းကောင်း၊ မန္တလေးပြည်သူ့ဆေးရုံကြီးအတွက် လှူဒါန်းငွေကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ မန္တလေးပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဆန်းလွင်ဦးက လက်ခံ၍ ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**



မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် ၂၀၂၆ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက်(၂၅)နှစ်အောက်(အမျိုးသား) ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်

မန္တလေး အောက်တိုဘာ ၂၀

၂၀၂၆ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက်(၂၅)နှစ်အောက်(အမျိုးသား) ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအားကစားကွင်း Multipurpose Stadium ၌ ကျင်းပသည်။



အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး ဖူဆယ်ဆပ်ကော်မတီမှ တာဝန်ရှိသူများ၊ အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး မဟာအောင်မြေခရိုင်အသင်းနှင့် မိတ္ထီလာခရိုင်အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြရာ မဟာအောင်မြေခရိုင်အသင်းက မိတ္ထီလာခရိုင်အသင်းကို ၅ ဂိုး - ၃ ဂိုးဖြင့် အနိုင်ရဖိုလ်စွဲခဲ့သည်။

၄င်းနောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက ဂုဏ်သမားအကောင်းဆုံးဆု၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားဆု၊ တတိယဆုရရှိသည့် မြင်းခြံခရိုင်အသင်းအား ဆုတံဆိပ်များနှင့် ဂုဏ်ပြုဆွေတို့ကို ဒုတိယဆုရရှိသည့် မိတ္ထီလာခရိုင်အသင်းအား ဆုတံဆိပ်များနှင့် ဂုဏ်ပြုဆွေတို့ကို လည်းကောင်း၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်က ပထမဆုရရှိသည့် မဟာအောင်မြေခရိုင်အသင်းအား ဆုတံဆိပ်များကို ချီးမြှင့်ခဲ့ပြီးနောက်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ၂၀၂၆ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား တံခွန်စိုက်ဆုရရှိသည့် မဟာအောင်မြေခရိုင်အသင်းအား တံခွန်စိုက်ဆုနှင့် ဂုဏ်ပြုဆွေတို့ကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

အယ်လ်နီညိုဖြစ်စဉ်ကြောင့် မီးဘေးအန္တရာယ်မဖြစ်ပွားစေရေး စက်သုံးဆီအရောင်းဆိုင်များအား မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

စဉ့်ကူး အောက်တိုဘာ ၂၀

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းခရိုင်၊ စဉ့်ကူးမြို့တွင် အယ်လ်နီညိုဖြစ်စဉ်ကာလအတွင်း ရာသီဥတုအပူလွန်ကဲမှုကြောင့် မီးဘေးအန္တရာယ်မဖြစ်ပွားစေရန် မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များအား မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်း ၈ နာရီမှ စတင်၍ ဆောင်ရွက်သည်။ **(ယာပု)**

ထိုသို့ဆောင်ရွက်ခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးချမ်းပြည့်ကျော် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များတွင် မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ ပြင်ဆင်ထားရှိမှုအခြေအနေများကို စစ်ဆေးပြီး စက်သုံးဆီအရောင်းဆိုင် ဝန်ထမ်းများ သိရှိထားရမည့် အချက်များနှင့် မီးဘေးအန္တရာယ်ဖြစ်ပေါ်လာပါက အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရမည့်လုပ်ငန်းများကို အသိပညာပေး ပြောကြားခဲ့ကြောင်း သိရသည်။

တင်ဇာလွင်(ပြန်/ဆက်)



အခြေခံဓာတ်ပုံပညာသင်တန်း အမှတ်စဉ်(၁)ပွင့်လှစ်

မုံရွာ အောက်တိုဘာ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် မုံရွာဓာတ်ပုံအသင်းတို့ ပူးပေါင်း၍ အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းက အခြေခံဓာတ်ပုံပညာသင်တန်းအမှတ်စဉ် (၁)ဖွင့်ပွဲကို မုံရွာမြို့၊ မုံရွာခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး အဆောက်အအုံ အပေါ်ထပ်တွင် ကျင်းပခဲ့သည်။

ထိုဖွင့်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဆန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး မုံရွာဓာတ်ပုံအသင်းဥက္ကဋ္ဌ ဦးရှုန်နိုရွန်းက မိတ်ဆက်ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ ဖွင့်ပွဲအပြီးတွင် ဓာတ်ပုံသင်တန်းသား၊ သင်တန်းသူ ၂၅ ဦးအား မုံရွာဓာတ်ပုံအသင်း အတွင်းရေးမှူး ဦးစောဇာဟောက ဦးဆောင်၍ အခြေခံဓာတ်ပုံပညာများကို အောက်တိုဘာ ၁၉ ရက် မှ ၂၁ ရက်အထိ သင်ကြားပေးမည်ဖြစ်သည်။

အခြေခံဓာတ်ပုံပညာသင်တန်းတွင် ဓာတ်ပုံရိုက်ခြင်း အခြေခံသဘောတရားများ၊ ကင်မရာ၏ လုပ်ဆောင်ချက်များ၊ ဓာတ်ပုံရိုက်ခြင်း အယူအဆများ၊ ဓာတ်ပုံဆိုင်ရာနည်းပညာများ၊ လက်တွေ့ (Indoor, Outdoor) ရိုက်ခြင်း ဘာသာရပ်များကို မုံရွာဓာတ်ပုံအသင်း နည်းပြများက အခမဲ့သင်ကြားပေးခြင်းဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ) (၃၉၄)**



INTERNATIONAL NEWS
နိုင်ငံတကာသတင်းများ

ဂျာမန်စီးပွားရေးလုပ်ငန်းများ အေအိုင်နည်းပညာကျင့်သုံးရန် ဝန်ကြီးချုပ် ဖရက်ဒရစ်ချ်မာ့ဇ် ဘာလင်မြို့၌ တိုက်တွန်းပြောကြား

ဘာလင် အောက်တိုဘာ ၂၀

ဂျာမနီနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများအနေဖြင့် ဉာဏ်ရည်တု (အေအိုင်)နည်းပညာကို ရဲရဲဝံ့ဝံ့လက်ခံကျင့်သုံးကြရန် ဝန်ကြီးချုပ် ဖရက်ဒရစ်ချ် မာ့ဇ်က ဘာလင်မြို့၌ ယမန်နေ့က ကျင်းပသည့် စက်မှုထိပ်သီးအစည်းအဝေးတွင် တိုက်တွန်းပြောကြားခဲ့ကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

ယင်းအစည်းအဝေးသည် အမေရိကန် ချစ်ပ်ပြားထုတ်လုပ်ရေးကုမ္ပဏီ နီးဗီးဒီးယားနှင့် သဘောတူညီချက်ရရှိရန် မျှော်လင့်ချက်အပါအဝင် ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ထိပ်သီးအစည်းအဝေး အဖွင့်အဖြစ် ကျင်းပသည့် ကော်ဇောနီခင်း အခမ်းအနားတွင် နီးဗီးဒီးယား၏ အမှုဆောင်အရာရှိချုပ် ဂျန်ဆန်ဟွမ်နှင့် အတူ တက်ရောက်စဉ် မာဇ်သည် ဂျာမနီ၏ စီးပွားရေးကို ပြန်လည်ဆန်းသစ်ရန်နှင့် စက်မှုကဏ္ဍကို ခေတ်



မီတိုးတက်စေရန် ကြိုးပမ်းမှုများ၌ အေအိုင်နည်းပညာ၏ အရေးပါမှုကို အလေးပေးပြောကြားခဲ့ကြောင်း သိရသည်။ **Mon**

တရုတ်နိုင်ငံ၏ တတိယသုံးလပတ်စီးပွားရေး တိုးတက်မှုနှုန်း ၄ ဒသမ ၅ ရာခိုင်နှုန်းထိ မျှော်လင့်ထားသည်ထက် သာလွန်ခဲ့

ပေကျင်း အောက်တိုဘာ ၂၀

တရုတ်နိုင်ငံ၏ တတိယသုံးလပတ် စီးပွားရေးတိုးတက်မှုနှုန်းသည် ၄ ဒသမ ၅ ရာခိုင်နှုန်းထိ မျှော်လင့်ထားသည်ထက် ပိုမိုကောင်းမွန်ခဲ့ပြီး ယင်းသို့ တိုးတက်သစ်လွင်လာသော စီးပွားရေးမောင်းနှင်အားများနှင့် ပြည်တွင်းလိုအပ်ချက် မြင့်တက်လာမှုတို့ကြောင့် ကမ္ဘာ့ဒုတိယအကြီးဆုံးစီးပွားရေးနိုင်ငံသည် တစ်နှစ်တာလုံးအတွက် သတ်မှတ်ထားသော တိုးတက်မှုရည်မှန်းချက်ကို ပြည့်မီလိမ့်မည်ဟု သက်ဆိုင်ရာတာဝန်ရှိသူများနှင့် လေ့လာဆန်းစစ်သူများက ယုံကြည်မှုမြင့်တက်လျက်ရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။



မူဝါဒချမှတ်သူများသည် ပြည်တွင်းလိုအပ်ချက်ကို ပိုမိုအားကောင်းလာစေရန်အတွက် ရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်ခြင်းနှင့် အိမ်ခြံမြေစျေးကွက်၌ ယုံကြည်မှုပြန်လည်ရရှိစေခြင်းတို့ကို အထူးအလေးပေးဆောင်ရွက်လျက်ရှိရာ စီးပွားရေး၏ တိုးတက်မှုအရှိန်အဟုန်သည် ယခုနှစ်၏ နောက်ဆုံးသုံးလပတ်အထိ ဆက်လက်ဆက်နွယ်သွားမည်ဟု ၎င်းတို့က ခန့်မှန်းထားကြသည်။

တရုတ်နိုင်ငံ၏ အမျိုးသားစာရင်းအင်းဗျူရိုက အောက်တိုဘာ ၁၉ တွင် ထုတ်ပြန်သည့် အချက်အလက်များအရ ဒုတိယသုံးလပတ်တွင် ၄ ဒသမ ၉ ရာခိုင်နှုန်းရှိခဲ့သော အိမ်တွင်းစုစုပေါင်းထုတ်လုပ်မှုတန်ဖိုး(ဂျီဒီပီ)တိုးတက်မှုနှုန်းသည် တတိယသုံးလပတ်တွင် ယခင်နှစ်ကာလတူထက် ၄ ဒသမ ၅ ရာခိုင်နှုန်းသို့ မြင့်တက်လာကြောင်း သိရသည်။

Mon

0-0-0-0-0

စပိန်နိုင်ငံအရှေ့ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးမှုဖြစ်ပွား လူပေါင်းများစွာ ဘေးလွတ်ရာ ရွှေ့ပြောင်း

မက်ဒရစ် အောက်တိုဘာ ၂၀

စပိန်နိုင်ငံအရှေ့ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပြင်းထန်သော ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ပြီး လူပေါင်းသောင်းနှင့်ချီ၍ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရခြင်းနှင့် နေအိမ်များ၌သာနေထိုင်ကြရန် အမိန့်ထုတ်ပြန်ခံရမှုများရှိခဲ့ကာ လူလေးဦးသေဆုံးကြောင်း သိရသည်။

စနေနေ့က စတင်ခဲ့သည့် အာဒမ်မုန်တိုင်းကြောင့် မိုးရွာသွန်းမှုသည် ဗလင်စီယာဒေသ၏ အချို့နေရာများတွင် ၂၄ နာရီအတွင်း တစ်စတုရန်းမီတာလျှင် မိုးရေချိန် ရေလီတာ ၇၀၀ (ဂါလန် ၁၈၅ ဂါလန်)အထိ စံချိန်တင် ရွာသွန်းခဲ့သည်။

ယင်းနောက်ပိုင်းတွင် ရေကြီးရေလျှံမှုများကြောင့် မြေထဲပင်လယ်ကမ်းရိုးတန်းတစ်လျှောက်ရှိ မြို့အများအပြား ပိတ်ဆို့ခံခဲ့ရပြီး မြစ်ရေများ လျှံတက်လာကာ လမ်းမများသည်လည်း တိုရန်ရေစီးကြောင်းများအဖြစ် ပြောင်းလဲသွားခဲ့ရာ လွန်ခဲ့သောနှစ်နှစ်က ဗလင်စီယာဒေသ၌ လူပေါင်း ၂၃၀ ထက်မက သေဆုံးခဲ့သည့် အဆိုးရွားဆုံး ရေကြီးရေလျှံမှုဖြစ်စဉ်များကို ပြန်လည်အမှတ်ရစေခဲ့ကြောင်း သိရသည်။

Mon

0-0-0-0-0



ကမ္ဘောဒီးယားနိုင်ငံ၏ ပြည်ပလေကြောင်း ခရီးသည်သွားလာမှု ပထမကိုးလအတွင်း ယခင်နှစ်ကထက် ၁၁ ရာခိုင်နှုန်း လျော့နည်း

ဖနွမ်းပင် အောက်တိုဘာ ၂၀

ကမ္ဘောဒီးယားနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာလေကြောင်း ခရီးသည်သွားလာမှုသည် ၂၀၂၆ ခုနှစ် ပထမကိုးလအတွင်း ယခင်နှစ် ကာလတူထက် ၁၁ ရာခိုင်နှုန်းလျော့နည်းသွားခဲ့ပြီး ၄ ဒသမ ၅၅ သန်းအထိ ရှိခဲ့သည်ဟု နိုင်ငံတော်လေကြောင်းပျံသန်းရေးအဖွဲ့က အစီရင်ခံကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အစီရင်ခံစာတွင် ဖော်ပြချက်အရ ဇန်နဝါရီလမှ စက်တင်ဘာလအထိ အရှေ့တောင်အာရှနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာလေဆိပ်များသို့ ပျံသန်းသည့် လေကြောင်းလိုင်းအရေအတွက်သည် ၂ ရာခိုင်နှုန်းလျော့ကျကာ ၄၆၇၂၁ ကြိမ်ရှိခဲ့သည်။ အခြားတစ်ဖက်တွင်မူ ယင်းကာလအတွင်း လေကြောင်းကုန်စည်ပို့ဆောင်မှု ပမာဏသည် ၁၈ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ပြီး တန်ချိန် ၇၆၂၉၄ အထိ ရောက်ရှိခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံတွင် မြို့တော် ဖနွမ်းပင်အတွက် ဝန်ဆောင်မှုပေးနေသည့် တက်ချီအပြည်ပြည်ဆိုင်ရာ လေဆိပ်၊ ဆီယမ်ရိအေပ် အန်ကောအပြည်ပြည်ဆိုင်ရာ လေဆိပ်နှင့် သီဟနုဗေးလ် အပြည်ပြည်ဆိုင်ရာ လေဆိပ်ဟူသော အဓိက လေကြောင်းဗဟိုဌာနသုံးခုဖြင့် ဝန်ဆောင်မှု ပေးလျက်ရှိကြောင်း သိရသည်။ **Mon**

ကိုလံဘီယာအနောက်တောင်ပိုင်း တရားမဝင် ရွှေတွင်းပြိုကျ လူ ၁၄ ဦး သေဆုံးပြီး ၇ ဦး ဒဏ်ရာရရှိခဲ့သည်ဟု အတည်ပြု

ဘိုဂိုတာ အောက်တိုဘာ ၂၀

ကိုလံဘီယာနိုင်ငံ အနောက်တောင်ပိုင်းရှိ တရားမဝင် ရွှေတွင်းတစ်ခု ပြိုကျမှုကြောင့် လူ ၁၄ ဦး သေဆုံးပြီး ၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက အတည်ပြုခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အဆိုပါ မတော်တဆမှုသည် နာရီဉီပြည်နယ်တွင် တည်ရှိသော ဆန်တာဘာဘာရာဒီ အစိုးကွန်ဒေးမြို့နယ်၏ ချမ်ဘဲရိကျေးလက်ဒေသ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။



နာရီဉီပြည်နယ်ရှိ ဘေးအန္တရာယ်ဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ရေးအရာရှိ ဂျောချိုတိုဗာကက်စတီလိုက ယင်းမတော်တဆမှုဖြစ်ပွားပြီးနောက် အခြားမိုင်းလုပ်သား ၁၂ ဦးမှ ၁၅ ဦးခန့်အထိ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း သိရသည်။

Mon


0-0-0-0-0



အကြမ်းဖက်သောင်းကျန်းသူများမှ အင်းတော်-ဝန်းသို့-ကောလင်းလမ်းကြောင်းနှင့် အင်းတော်-မအူကုန်း-ကျောက်တန်းလမ်းကြောင်းများရှိ ကွေ့ရွာများနှင့် ဝန်းကျင်နေရာများတွင် ဘန်ကာများ၊ ပစ်ကွင်းများ၊ မိခစ်ကွင်းများတို့၌ စစ်ဆေးအဖြစ်အသုံးပြုထားပုံ



အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် လက်နက်၊ ခဲယမ်း၊ ဓိုင်းများနှင့် ဆက်စပ်ပစ္စည်းများ



တပ်မတော်စစ်ကြောင်းများက အင်းတော်-ဝန်းသို့-ကောလင်းလမ်းကြောင်းနှင့် အင်းတော်-မအူကုန်း-ကျောက်တန်းလမ်းကြောင်းများပေါ်တွင် အခြေပြု၍ခရီးသွားပြည်သူများကို ဆက်ကြေးကောက် အနိုင်ကျင့်နေသော အကြမ်းဖက်အဖွဲ့များ၏အခြေပြုစခန်းများအား ရှင်းလင်းတိုက်ခိုက်မှုဖြစ်ခဲ့ပြီပုံ။

✣ ကျောဖုံးမှ

ဒေသဖွံ့ဖြိုးရေးအတွက် အရေးကြီးသည့် ဆက်သွယ်ရေးလမ်းကြောင်းများကို ပိတ်ဆို့ခြင်းများ လုပ်ဆောင်ခဲ့ပြီး အများပြည်သူအသုံးပြုလျက်ရှိသည့် ဆက်သွယ်ရေးလမ်းကြောင်းပေါ်တွင် အခြေပြု၍ ခံစစ်စခန်းများ တည်ဆောက်ကာ ခရီးသွားပြည်သူများထံမှ ဆက်ကြေးကောက်ခံခြင်း၊ ပြည်သူများကို ဖမ်းဆီးနှိပ်စက်ခြင်း၊ ၎င်းတို့အလိုမကျပါက သတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည့်အတွက် ဒေသခံများ အနေဖြင့် ကုန်စည်သယ်ယူပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှုများတွင် အခက်အခဲများဖြစ်ပေါ်ကာ စားရေရိက္ခာနှင့် အသုံးအဆောင်ပစ္စည်းများ ရှားပါးလာခြင်း၊ ဆေးဝါးနှင့် အရေးပေါ်သုံးပစ္စည်းများ မရောက်ရှိတော့ခြင်း၊ စီးပွားရေးလုပ်ငန်းများအတွက် ကုန်ကြမ်းများပြတ်လပ်ပြီး ကုန်ချောများလည်း ရောက်ဘို့ မရောက်ရှိတော့ခြင်းတို့ကြောင့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ နေ့စဉ်လူမှုစီးပွားဘဝများ ချွတ်ခြုံကျဆင်းလာသည့်အပြင် အကြမ်းဖက်သမားများ၏ အနိုင်ကျင့်နှိပ်စက်မှုများကိုလည်း ခါးသီးစွာ ခံစားရလျက်ရှိသည်။

ထို့ကြောင့် တပ်မတော်စစ်ကြောင်းများက ပြည်သူလုပ်အတွက် အဓိကအရေးပါသော အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် လမ်းပန်းဆက်သွယ်ရေးများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားခဲ့သည့် မြို့ရွာများနှင့် ဆက်သွယ်ရေးလမ်းကြောင်းများအား တစ်ခုပြီးတစ်ခု ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး မန္တလေး-မတ္တရာ-သပိတ်ကျင်း-တကောင်း-ထီးချိုင့်-ကသာ-အင်းတော်-မော်လူး-နန့်စီးအောင်-မိုးညှင်း- မိုးကောင်း- မြစ်ကြီးနား ဆက်သွယ်ရေးလမ်းကြောင်းတစ်လျှောက်ကိုလည်း ၂၀၂၆ ခုနှစ်၊ မေလ ၆ ရက်တွင် အပြည့်အဝထိန်းချုပ်၍ ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် ဒေသတွင်းကုန်စည်စီးဆင်းကူးသန်းရောင်းဝယ်မှုများကို လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ခဲ့ပြီး ပညာရေး၊ ကျန်းမာရေးစသည့် ပြည်သူများ၏လူမှုစီးပွားဘဝများ ပြန်လည်ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။

ဆက်လက်၍ အင်းတော်-ဝန်းသို့-ကောလင်းလမ်းကြောင်းနှင့် အင်းတော်-မအူကုန်း-ကျောက်တန်းလမ်းကြောင်းပေါ်တွင် အခြေပြု၍ ခံစစ်စခန်းငယ်များ ဆောက်လုပ်ကာ ခရီးသွားပြည်သူများအပေါ် အနိုင်ကျင့်နှိပ်စက်နေသော အကြမ်းဖက်သောင်းကျန်းသူများ၏ အခြေပြုစခန်းများအား ရှင်းလင်းနိုင်ရေး တပ်မတော်စစ်ကြောင်းများက အင်းတော်မြို့တွင် စနစ်တကျစုဖွဲ့ကာ စစ်ကြောင်းများခဲ့ပြီး ဟန်ချက်ညီညီချီတက်၍ နယ်မြေလုံခြုံရေးလုပ်ငန်းများကို အဆင့်ဆင့် ဆောင်ရွက်ခဲ့ရာ အောက်တိုဘာလ ၅ ရက်တွင် လယ်နောင်ကျေးရွာနှင့် ကမ်းနီကျေးရွာတို့အား လည်းကောင်း၊ အောက်တိုဘာလ ၉ ရက်နေ့တွင် ပင့်သချေကျေးရွာ၊ မဲဇာကျေးရွာ၊ လယ်ဇင်ကျေးရွာနှင့် နန့်သဲကျေးရွာတို့အား လည်းကောင်း၊ အောက်တိုဘာလ ၁၂ ရက်နေ့တွင် ကျောက်တောကျေးရွာအနီးရှိ အကြမ်းဖက်သောင်းကျန်းသူများ၏ စခန်း (၁)ခုနှင့် ကြိမ်ချောင်းကျေးရွာတို့အား လည်းကောင်း၊ အောက်တိုဘာလ ၁၃ ရက်နေ့တွင် ပိန်းအင်းကျေးရွာအား လည်းကောင်း၊ အောက်တိုဘာလ ၁၄ ရက်နေ့တွင် ဆင်ကုန်းကျေးရွာအား လည်းကောင်း၊ အောက်တိုဘာလ ၁၆ ရက်နေ့တွင်ညောင်ကိုင်းကျေးရွာနှင့် ထန်းတပင်ကျေးရွာတို့အား လည်းကောင်း၊ အောက်တိုဘာလ ၁၈ ရက်နေ့တွင် နမ်းခမ်းကျေးရွာ၊ လယ်ပြင်ကျေးရွာနှင့် မအူကုန်းကျေးရွာတို့အား ပြန်လည်သိမ်းပိုက် ထိန်းချုပ်နိုင်ခဲ့ကြောင်း သိရှိရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါ လမ်းကြောင်းပေါ်ရှိ ကျေးရွာများအား ပြန်လည် သိမ်းပိုက်ရရှိရေး မိမိတို့၏အသက်ကိုပဓာနမထားဘဲ ရင်ကိုမြေကတုတ်လုပ်ကာ ရွပ်ရွပ်ခွံခွံတိုက်ခိုက် ချေမှုန်းခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး/ငယ် ထိတွေ့မှု စုစုပေါင်း ၃၂ ကြိမ်ဖြစ်ပွားခဲ့ပြီး ရန်သူ့ထံမှ အလောင်း ၁၈ လောင်း၊ လက်နက်မျိုးစုံ ၁၉ လက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့သည်။

အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် အဆိုပါဒေသတစ်ဝိုက်အား ယာယီစိုးမိုးထားစဉ် အတွင်း ကျေးရွာများအတွင်း ဆက်သွယ်ရေးမြောင်းများတူး၍ ပြည်သူလူထုနေအိမ်များနှင့် ခြံစည်းရိုးများတွင် ဘန်ကာများပြုလုပ်ကာ အခိုင်အမာခံစစ်ဆင်၍ အဖျက်အမှောင့်လုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်ခဲ့ကြသည်ကို တွေ့ရှိရသည်။ ထို့ပြင် ဆက်သွယ်ရေးလမ်းကြောင်းများကို ပိတ်ဆို့၍ အဆိုပါလမ်းကြောင်းပေါ်၌ သွားလာလှုပ်ရှိသော ခရီးသွားမော်တော်ယာဉ်များနှင့် ကုန်တင်ယာဉ်များအား ဆက်ကြေးကောက်ခြင်း၊ ဖမ်းဆီးနှိပ်စက် သတ်ဖြတ်ခြင်း၊ အတင်းအဓမ္မ လူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်ခဲ့ကြရာ ဒေသတွင်းကုန်စည်စီးဆင်းမှုများ နှောင့်နှေးခဲ့ရပြီး ကုန်ဈေးနှုန်းများ ကြီးမြင့်ကာ ပြည်သူလူထုအနေဖြင့်လည်း လူမှုစီးပွားဘဝများ အဘက်ဘက်မှ နိမ့်ပါးခဲ့ရသည်။

ထို့ကြောင့် တပ်မတော်စစ်ကြောင်းများ အနေဖြင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လိုအပ်သော ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပြည်သူလူထု၏ ကျန်းမာရေး၊ ပညာရေးကဏ္ဍတို့ကို ပြန်လည်ဖော်ဆောင်ပေးနိုင်ရန်အတွက် လိုအပ်သည်များကို ပြည်သူလူထုနှင့် လက်တွဲ၍ ဆက်လက်ဖော်ဆောင်ပေးသွားမည် ဖြစ်ပြီး နယ်မြေလုံခြုံရေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ ၁၀၀

မီးဘေးအန္တရာယ်များ မဖြစ်ပေါ်စေရေး ကြိုတင်ကာကွယ် ကွင်းဆင်းဆောင်ရွက်

မိုးကုတ် အောက်တိုဘာ ၂၀

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းခရိုင်၊ မိုးကုတ်မြို့၌ အယ်လ်နီညီဖြစ်စဉ်ကြောင့် မီးလောင်မှု၊ မီးလန့်မှုနှင့် ဘေးအန္တရာယ်များ မဖြစ်ပေါ်စေရေးအတွက် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာနမှ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။



ထိုသို့ ကွင်းဆင်းရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးနိုင်မိုးနှင့် ဝန်ထမ်းများသည် မိုးကုတ်မြို့အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ခြင်းနှင့် အယ်လ်နီညီဖြစ်စဉ် အသိပညာပေးခြင်းလုပ်ငန်းများ မီးဘေးလုံခြုံရေးစစ်ဆေးအကြံပြုခြင်း၊ မီးသတ်ဆေးဘူးအသုံးပြု၍ လက်တွေ့မီးငြိမ်းသတ်ရေး သရုပ်ပြသခြင်းလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ **မိုင်းလုမြင့်သိန်း(ပြန်/ဆက်)**

အပူဒဏ်အန္တရာယ်ကာကွယ်ရေး လက်ကမ်း စာစောင်များ ဖြန့်ဝေ

ပျော်ဘွယ် အောက်တိုဘာ ၂၀

ပျော်ဘွယ်မြို့နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးဆောင်၍ အယ်လ်နီညီဖြစ်စဉ်ကြောင့် ရာသီဥတုပြောင်းလဲလာပြီး ပြည်သူများအနေဖြင့် အပူဒဏ်ကို သတိပြုကာကွယ်နိုင်ရန် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းကို အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းက ရန်ကုန်-မန္တလေးကားလမ်းမပေါ်ရှိ ယင်းတော်ကျေးရွာဈေး၌ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ လက်ကမ်းစာစောင်တွင် ပြောင်းလဲလာသည့် ရာသီဥတု အခြေအနေများကြောင့် အယ်လ်နီညီဖြစ်စဉ်ပေါ်ပေါက်လာမှုများ၊ အပူဒဏ်အန္တရာယ်ကာကွယ်ရန်အတွက် လိုက်နာဆောင်ရွက်ရမည့်နည်းလမ်းများ၊ ရှောင်ကြဉ်ရမည့်နည်းလမ်းများ၊ အပူဒဏ်ကြောင့် ရောဂါဝေဒနာခံစားရသည့်လက္ခဏာများ၊ အပူဒဏ်အန္တရာယ်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များကို သက်ဆိုင်ရာဌာနများ ပါဝင်သော ပူးပေါင်းအဖွဲ့အနေဖြင့် ပြည်သူများထံ ဖြန့်ဝေပေးသည့်အပြင် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကြေညာချက်များကို အသံချဲ့စက်များဖြင့် အသိပညာပေးခဲ့ကြောင်း သိရသည်။ **မင်းမင်းထွေး(ပျော်ဘွယ်)**

ပလတ်စတစ်ညစ်ညမ်းမှုကို
တိုက်ဖျက်ကြစို့။



သာစည်မြို့မဈေးကြီး၌ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းများ ဆောင်ရွက်

သာစည် အောက်တိုဘာ ၂၀

အယ်လ်နီညိုဖြစ်စဉ်နှင့် ကြုံတွေ့ရမည့် ပူပြင်းခြောက်သွေ့သော ရာသီဥတုကြောင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန် မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့မဈေးကြီး၌ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းများကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာနနှင့် သက်ဆိုင်ရာ ဌာနများ ပါဝင်သော စုပေါင်းအဖွဲ့က ဆောင်ရွက်ခဲ့သည်။

မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းများကို မြို့နယ်မီးသတ် ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒေါ်မေသင်းခိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ် လျှပ်စစ်မန်နေဂျာ ဒေါ်အိအိမိုသိမ်းထွေးနှင့် ဝန်ထမ်းများ၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဇင်ဝင်းနှင့် ဝန်ထမ်းများ၊ ဈေးအကျိုးတော်ဆောင်များက ဈေးကြီးရှိ ဆိုင်ခန်းများအား တစ်ဆိုင်ဝင်၊ တစ်ဆိုင်ထွက် အပူချိန်များ မြင့်မားလာနိုင်မှုကြောင့် ဆိုလာမီးတပ်ဆင်အသုံးမပြုရေး၊ လျှပ်စစ်မီတာများနှင့် မီးကြိုးများစစ်ဆေးခြင်း၊ စားသောက်ဆိုင်များ မီးဖိုမီးကို စနစ်တကျ အသုံးပြုရန်နှင့် မီးအသုံးပြုချိန်များ သတ်မှတ်ဆောင်ရွက်သွားရန်၊ မီးဘေးလုံခြုံရေးဆောင်ရွက်ထားရှိမှုများ စသည့် မီးဘေးလုံခြုံရေးဆိုင်ရာများကို စစ်ဆေးအသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၈၇)

––*–*–*–*–*

အပတ်စဉ် တနလ်းနေ့တိုင်း ပလတ်စတစ် (ကြွပ်ကြွပ်အိတ်)မသုံးစွဲရန် လှုပ်ရှားမှုဆောင်ရွက်

ပြင်ဦးလွင် အောက်တိုဘာ ၂၀

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများသည် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့နှင့် ပူးပေါင်း၍ ပြင်ဦးလွင်ခရိုင်အတွင်း အပတ်စဉ် တနလ်းနေ့တိုင်း ပလတ်စတစ် (ကြွပ်ကြွပ်အိတ်) မသုံးစွဲရန်နေ့ (Monday Stop) လှုပ်ရှားမှုအဖြစ် ယနေ့ နံနက် ၉ နာရီခွဲက ပြင်ဦးလွင်မြို့ မြို့မဈေးကြီးတွင် ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဈေးဝယ်လာရောက်သူများနှင့် ဈေးသည်များအား တနလ်းနေ့တိုင်း ပလတ်စတစ်များ အသုံးပြု၍ ဈေးရောင်းခြင်း၊ ဈေးဝယ်ခြင်း မပြုလုပ်ကြရန် အသိပညာပေးခြင်း၊ ဈေးဝယ်လာသူများထံမှ ပလတ်စတစ်အိတ်များနှင့် Recycle Bag များ လဲလှယ်ပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

သွေးသွေး(ခရိုင်၊ ပြန်/ဆက်)





ဆေးဆိုင်များအား တရားမဝင်ဆေးဝါးများ ရောင်းချခြင်းမရှိစေရေး ကွင်းဆင်းစစ်ဆေး

မိတ္ထီလာ အောက်တိုဘာ ၂၀

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့ပေါ်ရှိ ဆေးဆိုင်များအား တရားမဝင်ဆေးဝါးများ၊ အတုအပနှင့် အရည်အသွေးနိမ့်ဆေးဝါးများ ရောင်းချခြင်းမရှိစေရေး ကွင်းဆင်းစစ်ဆေးခြင်းကို ယမန်နေ့က ဆောင်ရွက်ခဲ့သည်။

စားသုံးသူရေးရာဦးစီးဌာန မိတ္ထီလာခရိုင် ခရိုင်ဦးစီးမှူး၏ ကြီးကြပ်မှုဖြင့် စစ်ဆေးရေး အဂ္ဂရှိ ဦးဆောင်သော ဈေးကွက်စောင့်ကြည့်စစ်ဆေးရေးအဖွဲ့က မိတ္ထီလာမြို့ပေါ်ရှိ ဆေးဆိုင်များတွင် ရောင်းချနေသော ဆေးဝါးများကို ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးနှုန်းမြင့်တင်ဖြန့်ဖြူးခြင်း၊ ဈေးကစားရန် ရည်ရွယ်၍ သိုလှောင်ခြင်းမပြုရန်ကိုလည်း ကောင်း၊ စားသုံးသူကာကွယ်ရေးဥပဒေအရ တရားမဝင် ဆေးဝါးများ၊ အတုအပနှင့် အရည်အသွေးနိမ့်ဆေးဝါးများ ရောင်းချခြင်းမပြုရန်ကိုလည်းကောင်း၊ ဆေးပစ္စည်းများနှင့် အထောက်အကူပြုပစ္စည်းများ ပြတ်လပ်မှုမရှိစေရေး၊ သတ်မှတ်အရည်အသွေးနှင့် ဈေးနှုန်း မှန်ကန်မှုရှိစေရေးအတွက် ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၆၉)

အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

မြိတ်မြို့နယ်တွင် စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၂၀

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၄ ရက် မွန်းလွဲ ၁ နာရီက သတင်းအရ သက်သေများနှင့်အတူ မြိတ်မြို့နယ်၊ ပသောင်း-ကြေးနန်းတိုင်တံတားအနီးတွင် မြိတ်မြို့ဘက်မှ ကော့သောင်းမြို့ဘက်သို့ မောင်းနှင်လာသည့် ခရီးသည်တင် မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရာဖွေရာ ယာဉ်ပေါ်တွင် လိုက်ပါလာသောခရီးသည် မနှင်းသီတာဖြိုး(ခ)နှင်းနှင်း(၂၅)နှစ်နှင့် ထွန်းထွန်းဝင်း(ခ)ထွန်းထွန်း(၄၈)နှစ်ဆိုသူတို့အား တောင်ရှည်နယ်မြေရဲစခန်းမှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါး (ခ)နှင်းနှင်းဆိုသူထံမှ စိတ်ကြွဆေးပြား ၂၀,၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ယင်းနေ့ မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင် ထွန်းထွန်းဝင်း(ခ)ထွန်းထွန်းဆိုသူအား ၄င်းနေထိုင်သည့် မြိတ်မြို့နယ်၊ ပဂ္ဂိုလ်ကျောင်းရွာရှိ နေအိမ်အတွင်းမှ စိတ်ကြွဆေးပြား ၂၀,၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား ထပ်မံတွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် မနှင်းသီတာဖြိုး(ခ)နှင်းနှင်း(၂၅)နှစ်နှင့် ထွန်းထွန်းဝင်း(ခ)ထွန်းထွန်း(၄၈)နှစ်ဆိုသူတို့အား တောင်ရှည်နယ်မြေရဲစခန်းမှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်များကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။**(အောက်ပုံ)**

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသမီးတစ်ဦး သေဆုံးပြီး အမျိုးသား တစ်ဦး ထိခိုက်ဒဏ်ရာရရှိ

ကလော အောက်တိုဘာ ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသမီးတစ်ဦး သေဆုံးပြီး အမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၅ ရက် နံနက် ၉ နာရီခွဲက ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ ကလောမြို့မဈေးအနီး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် ၇၁ မိုင် ၆ ဖာလုံနှင့် ၇ ဖာလုံကြားရှိ ယာဉ်တိုက်မှု ဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၁၁၇)ယာဉ်ထိန်းရဲတပ်ဖွဲ့စု(ကလော)မှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ပြည်ထောင်စုလမ်းအတိုင်း အရှေ့မှအနောက်သို့ အမှတ်(၃) ရပ်ကွက်နေ ဦးဖြိုးဝင်းသိန်း(၄၂) နှစ်ဆိုသူ မောင်းနှင်ပြီး တစ်ရပ်ကွက်တည်းနေ ဒေါ်ငွေးငွေး(၅၄) နှစ်ဆိုသူ လိုက်ပါလာသည့် နံပါတ် မပါ FOLLOWME-110 မော်တော်ဆိုင်ကယ်သည် ကလောမြို့မဈေးလမ်းဆုံအရောက်၌ မင်းလမ်းထဲသို့ ချိုးကွေ့မောင်းနှင်စဉ် ပြည်ထောင်စုလမ်းမကြီးအတိုင်း အနောက်မှအရှေ့သို့ ဖယ်ခုံမြို့နယ်၊ ညောင်ကုန်းရပ်ကွက်နေ ဦးဇော်သန်း(၅၈)နှစ်ဆိုသူ မောင်းနှင်ပြီး ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဓမ္မာသီရိမြို့နယ်၊ သုခသိဒ္ဓိရပ်ကွက်နေ ဦးနိုင်ဝင်းစိုး(၄၈)နှစ်ဆိုသူ လိုက်ပါလာသည့် TOYOTA ALPHARD အမျိုးအစား မော်တော်ယာဉ်နှင့် ဝင်ရောက်တိုက်မိခဲ့သဖြင့် ဒေါ်ငွေးငွေးဆိုသူတွင် ထိခိုက်ဒဏ်ရာများ ရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ပြီး ဦးဖြိုးဝင်းသိန်းဆိုသူတွင် ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။ အမှုအား ကလောမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



o–o–o–o–o

အမြန်နှုန်း သတ်မှတ်ချက် လိုက်နာရန်

- မြို့နယ်နယ်နိမိတ်အတွင်း ၁ နာရီလျှင် မိုင် ၃၀၊ (၄၈)ကီလိုမီတာ ထက် ပို၍ မမောင်းရ။
- မြို့နယ်နယ်နိမိတ်ပြင်ပ၌ ၁ နာရီလျှင် မိုင် ၅၀၊ ကီလိုမီတာ (၈၀) ထက် ပို၍ မမောင်းရ။
- လမ်းညွှန်မှတ်တိုင်ဖြင့် ကန့်သတ်ထားသော နေရာများတွင် ကန့်သတ်အမြန်နှုန်းအတိုင်း မောင်းနှင်ရမည်။

မန္တလေးတိုင်းဒေသကြီး
ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသားသုံးဦး မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် အောက်တိုဘာ ၂၀



ထိုင်းနိုင်ငံ အပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား သုံးဦးအား မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များကိုက်ညီမှုရှိရေးနှင့် ပြည်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမင်းစိုးနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် အောက်တိုဘာ ၂၀ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၅၉၃ ဦးထိန်းသိမ်းနိုင်ခဲ့ကြောင်း နှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၄၁၀၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၁၉၀ တွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁) နှင့် မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၄၇၁ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၇၁၉ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

ဆောင်ရွက်လျက်ရှိ

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက် နေသူများနှင့် နောက်ကွယ်မှ ကြီးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်း နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

အမျိုးသမီးတစ်ဦးကို ကိုရီးယားနိုင်ငံသားဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် အောက်တိုဘာ ၂၀

အမျိုးသမီးတစ်ဦးကို ကိုရီးယားနိုင်ငံသားဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၅ နှစ်ချမှတ်ပြီး တိမ်းရှောင်တရားခံ အေးအေးဝင်းအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (ခ) ရပ်ကွက် မြရတနာ (၅)လမ်းနေ အမျိုးသမီးတစ်ဦးကို ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ထီးတန်းရပ်ကွက် ထီးတန်း ကမ်းနားလမ်းနေ သိမ့်သိမ့်နွေးနှင့် ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ဝဇီယာ(၆)လမ်းနေ အေးအေးဝင်းတို့က ကိုရီးယားနိုင်ငံသားနှင့် လက်ထပ်ပေါင်းသင်းပါက တင်တောင်းငွေကျပ်သိန်း ၁၀၀ ရရှိမည်၊ လစဉ်ထောက်ပံ့ကြေးရရှိရေးနှင့် ကိုရီးယားနိုင်ငံ၌ မိသားစုများ အလုပ်ရရှိရေးဆောင်ရွက်ပေးမည်ဟု ပြောဆိုစည်းရုံးပြီး ကိုရီးယားနိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် ဆောင်ရွက်ခဲ့ကြောင်း စီစစ်ပေါ်ပေါက်သဖြင့် အမှတ်(၆)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(ရန်ကုန်)မှ တရားလို ပြုလုပ်တိုင်တန်းခဲ့ရာ ကြည့်မြင်တိုင်မြို့နယ် ကြည့်မြင်တိုင်မြို့မရဲစခန်း (ပ)၁၀၈/၂၀၂၆၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး အောက်တိုဘာ ၁၉ ရက်တွင် အလှဲခရိုင်တရားရုံးမှ ဖမ်းမိတရားခံ သိမ့်သိမ့်နွေးအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၅ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ အေးအေးဝင်းအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

- **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မတွယ်မရာမှတ်တမ်းပုံများ၊ ပီဒီယိုများအား ဖြန့်ဝေခြင်း။ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**
- **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု။

ယန္တရားဖြင့် ဖြိုချဖျက်ဆီးမှု



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ၅ ထပ်အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိမှုကို တွေ့ရစဉ်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၀

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင်အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ်အဆောက်အအုံတစ်လုံးအား ယနေ့အထိ ၄၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၄ လုံးနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံးဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ထားပြီး စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများအနက် ၂ လုံးတို့အား ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ဖြိုချဖျက်ဆီးရန် ကျန်ရှိသည့် အဆောက်အအုံ ၅၇ လုံးကိုလည်း ဆက်လက်၍ စနစ်တကျဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင်လုံးဝပပျောက်သွားစေရေး အထူးအလေးထား နှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။

၁၀၀

နိုင်ငံတကာ အားကစား သတင်းများ

နည်းပြ ပီယာရိုဂတ်စပီရိနီ နည်းပြဘဝ စီးရီးအေ နိုင်ပွဲ ၃၀၀ ပြည့်မြောက်



တူရင် အောက်တိုဘာ ၂၀

ရိုးမားအသင်းနည်းပြ ပီယာရိုဂတ်စပီရိနီသည် နည်းပြဘဝတစ်လျှောက် စီးရီးအေ နိုင်ပွဲ ၃၀၀ ပြည့်မြောက်သည့် စံချိန်မှတ်တမ်းတစ်ခု ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ နည်းပြသည် စီးရီးအေပွဲစဉ်အဖြစ် ရိုးမားအသင်းက ဂျီနိုအာအသင်းကို နှစ်ပိုး၊ ဂိုးမရှိ ဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်အား ကိုင်တွယ်ပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

နည်းပြ ပီယာရိုဂတ်စပီရိနီသည် နည်းပြဘဝတစ်လျှောက် တွင် ရိုးမား၊ အင်တာမီလန်၊ ဂျီနိုအာ၊ အတ္တလန္တာ စသည့် စီးရီးအေ ကလပ်အသင်းများကို ကိုင်တွယ်ပြီး နိုင်ပွဲ ၃၀၀ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

အသက်(၆၈)နှစ်အရွယ်ရှိ နည်းပြ ပီယာရိုဂတ်စပီရိနီသည် ရိုးမားအသင်းကို ၂၀၂၅ ခုနှစ် ဇွန် ၆ ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၅၉ ပွဲတွင် ၃၄ ပွဲနိုင်၊ ကိုး ပွဲသရေ၊ ၁၆ ပွဲရှုံးရလဒ် ပိုင်ဆိုင်ခဲ့သည်။ **(ဝဲပုံ) (NGB)**

နည်းပြပီမန်း အင်္ဂလန်အမျိုးသမီးလက်ရွေးစင်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

လန်ဒန် အောက်တိုဘာ ၂၀

အင်္ဂလန်အမျိုးသမီးလက်ရွေးစင်အသင်းသည် နည်းပြ ဒီမန်းကို ၂ နှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် အင်္ဂလန်အမျိုးသမီးလက်ရွေးစင်အသင်းကို ၂၀၂၁ ခုနှစ် စက်တင်ဘာ ၁ ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၈၂ ပွဲတွင် ၅၈ ပွဲနိုင်၊ ၁၃ ပွဲသရေ၊ ၁၁ ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည့်အပြင် အသင်းကို ဆုဖလားများရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။

အသက်(၅၆)နှစ်အရွယ်ရှိ ဒီမန်းက 'ကျွန်မ လက်ရွေးစင်အသင်းနဲ့ သက်တမ်းတိုးစာချုပ်ချုပ်ဆိုနိုင်လို့ အတိုင်းမသိဝမ်းသာမိပါတယ်။ အသင်းကို ဆက်လက်ဦးဆောင်ရမှာဖြစ်လို့ ဝမ်းသာမိပါတယ်။ ဒီအသင်းနဲ့အတူ အောင်မြင်မှုတွေလည်း ဆက်လက်ရယူသွားမှာပါ' ဟု ပြောသည်။ **(အောက်ပုံ)(NGB)**





စပါးအသင်းက ကိုဗင်ထရီအသင်းကို သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

လန်ဒန် အောက်တိုဘာ ၂၀

ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက စပါးအသင်းနှင့် ကိုဗင်ထရီအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စပါးအသင်းက ကိုဗင်ထရီအသင်းကို သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

စပါးအသင်းအတွက် သွင်း ဂိုး သုံးဂိုးကို ပွဲချိန် ၁၄ မိနစ် တွင် မက်ဒီဆန်၊ ပွဲချိန် ၅၈ မိနစ် တွင် မေဆန်မောင့်၊ ပွဲချိန် (၉၀+၆) မိနစ်တွင် ဘန်ဒေးဗီးတို့က အသီးသီး သွင်းယူပေးခဲ့သည်။

စပါးအသင်းသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် လာမည့် အောက်တိုဘာ ၂၄ ရက်တွင် ချဲလ်ဆီးအသင်းနှင့် ဆက်လက် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(အပေါ်ပုံ) (NGB)**

အဲရစ်ဂါစီယာ ပေါင်ဒဏ်ရာကြောင့် တစ်လနီးပါးခန့် အနားယူရဖွယ်ရှိ

မက်ဒရစ် အောက်တိုဘာ ၂၀

ဘာစီလိုနာအသင်း နောက်ခံကစားသမား အဲရစ်ဂါစီယာ ကြွက်သားဒဏ်ရာကြောင့် တစ်လနီးပါးခန့် အနားယူရဖွယ်ရှိနေသည်။



အဆိုပါ နောက်ခံကစားသမားသည် စပိန်လာလီဂါပွဲစဉ်အဖြစ် ဘာစီလိုနာအသင်းက ဘက်တစ်အသင်းကို ငါးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

နောက်ခံကစားသမား အဲရစ်ဂါစီယာ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ဘာစီလိုနာအသင်း ခံစစ်ပိုင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၅)နှစ်အရွယ်ရှိ နောက်ခံကစားသမား အဲရစ်ဂါစီယာသည် ဘာစီလိုနာအသင်းနှင့် အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၇၅ ပွဲကစားကာ ရှစ်ဂိုး အထိ သွင်းယူပြီး ခြေစွမ်းပြထားသည်။ **(ဝဲပုံ) (NGB)**

2026 Toray Pan Pacific Open တင်းနစ်ပြိုင်ပွဲ အောက်တိုဘာ ၂၆ ရက်တွင် စတင်မည်


တိုကျို အောက်တိုဘာ ၂၀

ဂျပန်နိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Toray Pan Pacific Open တင်းနစ်ပြိုင်ပွဲကို လာမည့် အောက်တိုဘာ ၂၆ ရက်တွင် စတင်သွားမည် ဖြစ်သည်။

အဆိုပါ 2026 Toray Pan Pacific Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

Toray Pan Pacific Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိ ချန်ပီယံမှာ ဆွစ်ဇာလန် တင်းနစ်မယ် Belinda Bencic ဖြစ်သည်။

(အောက်ပုံ)(NGB)



နည်းပြ အာမိုရင်မ် အေစီမီလန်အသင်းကို ဗီးရိုးအေတွင် ရှုံးပွဲမရှိအောင် စွမ်းဆောင်ထားနိုင်ဆဲပြစ်

မီလန် အောက်တိုဘာ ၂၀



အေစီမီလန်အသင်း နည်းပြ အာမိုရင်မ်သည် အသင်းကို ယခုနှစ် ဘောလုံးရာသီ စီးရီးအေပြိုင်ပွဲတွင် ရှုံးပွဲမရှိအောင် စွမ်းဆောင်ထားနိုင်သည့် မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

အေစီမီလန်အသင်းသည် ယခုနှစ် ဘောလုံးရာသီ စီးရီးအေ ပွဲစဉ် ခုနစ်ပွဲ ယှဉ်ပြိုင်ကစားပြီး ခြိန်တွင် လေးပွဲနိုင်၊ သုံးပွဲသရေဖြင့် ရှုံးပွဲမရှိ ရလဒ်ပိုင်ဆိုင်ခဲ့သည်။

နည်းပြ အာမိုရင်မ်သည် အေစီမီလန်အသင်းကို ၂၀၂၆ ခုနှစ် ဇွန် ၁၆ ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ကိုးပွဲတွင် ငါးပွဲနိုင်၊ သုံးပွဲသရေ၊ တစ်ပွဲရှုံး ရလဒ် ပိုင်ဆိုင်ခဲ့သည်။

အသက်(၄၁)နှစ်အရွယ်ရှိ အာမိုရင်မ်က 'ကျွန်တော် အခုလို စီးရီးအေရှုံးပွဲမရှိ မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ် လာမည့် ပွဲစဉ်တွေမှာလည်း ရှုံးပွဲမရှိအောင် ဆက်လက်စွမ်းဆောင်နိုင်ဖို့ ကြိုးစားသွားမှာပါ' ဟု ပြောသည်။ **(အပေါ်ပုံ)(NGB)**

ဆာဂျီယိုရာမို့စ်ကို ခေါ်ယူရန် ဂီတာဖေးအသင်း ကမ်းလှမ်း

မက်ဒရစ် အောက်တိုဘာ ၂၀

ဂီတာဖေးအသင်းသည် အသင်းလက်မဲ့ဖြစ်နေသော ဝါရင့်နောက်ခံကစားသမား ဆာဂျီယိုရာမို့စ်ကို ခေါ်ယူရန် ကမ်းလှမ်းခဲ့သည်။

အသက်(၄၀)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ကစားသမားဘဝတစ်လျှောက် တွင် ရီးရဲလ်မက်ဒရစ်၊ ဆီဗီလာ၊



ပီအက်စ်ဂျီ၊ မွန်တာရေးစသည့် ကလပ်အသင်းများတွင်ကစားခဲ့ပြီး အတွေ့အကြုံရှိသည့် ဝါရင့်ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် ဂီတာဖေးအသင်းက ခေါ်ယူရန် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

ဆာဂျီယိုရာမို့စ်ကိုယ်တိုင်ကလည်း လက်ရှိအချိန် အသင်းလက်မဲ့ဖြစ်နေခြင်းကြောင့် ဂီတာဖေးအသင်း၏ ကမ်းလှမ်းမှုကို လက်ခံစဉ်းစားသွားဖွယ်ရှိသည်။

ထို့ကြောင့် နောက်ခံကစားသမား ဆာဂျီယိုရာမို့စ်ကို ဂီတာဖေးအသင်း ကစားသမားသစ်အဖြစ် မြင်တွေ့ရမည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(ဝဲပုံ) (NGB)**

စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၆)ပွဲဇယား — နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်	ယမန်နှစ်ရလဒ်
၂၂-၁၀-၂၀၂၆ နံနက် ၀၈း၃၀ နာရီ	လီဝန်တေး - ဘီလ်ဘာအို	လီဝန်တေး ၀-၂ ဘီလ်ဘာအို ဘီလ်ဘာအို ၄-၂ လီဝန်တေး

ဥရောပ ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ(အမှတ်ပေး လိဂ်အဆင့်)(ပွဲစဉ်-၃) — နိုင်ကမ္ဘာ

ယှဉ်ပြိုင်ရက်	အချိန်	ပွဲစဉ်/ပြည်တွင်းအမှတ်ပေးပွဲအဆင့်	နောက်ဆုံးတွေ့ဆုံမှုရလဒ်
၂၁-၁၀-၂၀၂၆ ဗုဒ္ဓဟူးနေ့	ည ၁၁း၁၅ နာရီ	ကိုပို - မန်ယူ (အီတလီ-၅) (အင်္ဂလန်-၁၃)	----
〃	〃	လိုင်လီ - ဂါလာတာစရေး (ပြင်သစ်-၄) (တူရကီ-၁)	----
၂၂-၁၀-၂၀၂၆ ကြာသပတေးနေ့	နံနက် ၀၈း၃၀ နာရီ	အက်စတွန်ဗီလာ - ဝိုက်ကင်း (အင်္ဂလန်-၁၂) (နော်ဝေ-၂)	----
〃	〃	ဘိုင်ယန်မြူးနစ် - အာဆင်နယ် (ဂျာမနီ-၁) (အင်္ဂလန်-၂)	ဘိုင်ယန်မြူးနစ် ၁-၀ အာဆင်နယ် အာဆင်နယ် ၃-၁ ဘိုင်ယန်မြူးနစ်
〃	〃	ကလပ်ဘရူဂ်း - လင်နစ် (ဘယ်လ်ဂျီယံ-၂) (ပြင်သစ်-၀)	----
〃	〃	အင်တာမီလန် - ရူဂ်တာဒိုးနက်စ် (အီတလီ-၁) (ယူကရိန်း-၁)	အင်တာမီလန် ၂-၀ ရူဂ်တာဒိုးနက်စ် ရူဂ်တာဒိုးနက်စ် ၀-၀ အင်တာမီလန်
〃	〃	ဘက်တစ် - ဗီယင်နု (စပိန်-၄) (နယ်သာလန်-၁)	ဘက်တစ် ၂-၁ ဗီယင်နု (၃၀-၁၀-၂၀၂၆ ယူရိုပါလိဂ်ပြိုင်ပွဲ)
〃	〃	ဂီးရဲလ်မက်ဒရစ် - လိုက်ပဇစ် (စပိန်-၃) (ဂျာမနီ-၅)	ဂီးရဲလ်မက်ဒရစ် ၁-၁ လိုက်ပဇစ် လိုက်ပဇစ် ၀-၁ ဂီးရဲလ်မက်ဒရစ်
〃	〃	စပို့တင်းလစ်ဘွန်း - လင့်ဝ် (ပေါ်တူဂီ-၃) (ဩစတြေးလျား-၃)	စပို့တင်းလစ်ဘွန်း ၁-၄ လင့်ဝ် (၂-၁၀-၂၀၂၀ ယူရိုပါလိဂ်ပြိုင်ပွဲ)

(၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းနှင့် စုပေါင်းသွေးလှူဒါန်း

ညောင်ဦး အောက်တိုဘာ ၂၀

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများသည် (၃၈)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းနှင့် စုပေါင်းသွေးလှူဒါန်းခြင်းကို အောက်တိုဘာ ၂၀ ရက် နံနက် ၇ နာရီက ပြုလုပ်ခဲ့သည်။

၂၀၂၃ ခုနှစ်၊ နိဝင်ဘာ ၇ ရက်တွင် ကျရောက်မည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၈)နှစ်မြောက်နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညီနှင့် ဝန်ထမ်းများ၊ ညောင်ဦးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းလွင်တင့်နှင့် ဝန်ထမ်းများသည် အောက်တိုဘာ ၁၉ ရက် နံနက် ၇ နာရီက ပုဂံမြို့ဟောင်းရှိ ရွေစည်းခုံစေတီတော်ကြီးအတွင်း၊ အပြင်ရှိ အမှိုက်များ ရှင်းလင်းခြင်း၊ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်ခြင်း၊ စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်း၊ ညောင်ဦးခရိုင် ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးဝင်းအတွင်းနှင့် ဆေးရုံကြီးရှေ့ရှိ ပေါင်းမြက်များ ရှင်းလင်းခြင်း၊ သစ်ပင်ကြီးများအား အလင်းဖွင့် ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် အောက်တိုဘာ ၂၀ ရက် နံနက် ၇ နာရီခွဲက ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၌ ညောင်ဦးခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဝန်ထမ်းများသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၈)နှစ်မြောက်နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းခဲ့ကြသည်။

အဆိုပါ စုပေါင်းသွေးလှူဒါန်းပွဲတွင် ညောင်ဦးခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်း ၂၁ ဦးက သွေးလှူဒါန်းခဲ့ပြီး အဆိုပါ သွေးလှူဒါန်းရာသို့ ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဖိုးကြမ်းငှက်ပျောဖီးများ၊ ကြက်ဥများ၊ အချို ရည်ဘူးများကို လည်းကောင်း၊ ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာ သန္တာဆွေက ကြက်ဥနှင့် အားဆေးတို့ကို လည်းကောင်း သွေးလှူဒါန်းသည့် ဝန်ထမ်းများအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝံပုံ)
(၄၈၁)





စစ်ကိုင်းမြို့တွင် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရေး သင်တန်းဖွင့်လှစ်

စစ်ကိုင်း အောက်တိုဘာ ၂၀

စစ်ကိုင်းမြို့တွင် ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူရေး သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ သင်တန်းသို့ စစ်ကိုင်းမြို့ပေါ်ရှိ စီတီး၊ ရွာထောင်၊ စိန်ကုန်း၊ ဧရာဂျာ၊ မြို့သစ်၊ မီးရထားရပ်ကွက်များမှ အုပ်ချုပ်ရေးမှူးများနှင့်အဖွဲ့ဝင်များ၊ စာရေးဝန်ထမ်းများ စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ ၅၀ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

နေလင်းအောင်(ပြန် / ဆက်)

သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

တောင်တွင်းကြီး အောက်တိုဘာ ၂၀

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၌ ၎ပါအယ်လ်နီညိုဖြစ်စဉ်ကြောင့် ကြုံတွေ့နိုင်သည့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိ ပညာပေးဟောပြောပွဲနှင့် လက် ကမ်းစာစောင်များဖြန့်ဝေခြင်းကို ယမန်နေ့ နံနက် ၉ နာရီခွဲက မြစိမ်းတောင်ကျေးရွာ ရွာဦး ဘုန်းတော်ကြီးကျောင်း တွင် ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးက အဖွင့်အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး၊ မြို့နယ်ပြန် / ဆက်ဦးစီးဌာနဦးစီးမှူးတို့မှ အပူဒဏ်ကြောင့် ဖြစ်ပေါ်တတ်သည့် လက္ခဏာများ၊ အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ ရှောင်ကြဉ်ရန်နှီးဆော်ချက်၊ ရာသီဥတုပြောင်းလဲခြင်း သရုပ်ပြကာတွန်းများ၊ အပူဒဏ်ကာကွယ်ရေး စသည့် အကြောင်းအရာပါ အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

နောင်နောင်(ဗိသနိုးမြေ)



လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာသင်တန်း(၂/၂၀၂၃) ဖွင့်ပွဲကျင်းပ

ပြည်ကြီးတံခွန် အောက်တိုဘာ ၂၀

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်း(မန္တလေး)၌ ယနေ့ နံနက် ၉ နာရီခွဲက အလုပ်သမားဝန်ကြီးဌာန၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနမှကြီးမှူး၍ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာသင်တန်း (၂/၂၀၂၃)ဖွင့်ပွဲ ကျင်းပသည်။

အခမ်းအနားတွင် အလုပ်သမားဝန်ကြီးဌာန၊ အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးစစ်ဆေးရေးမှူး ဒေါ်ငြိမ်းမိုးရွှေက အဖွင့်အမှာစကား ပြောကြားရာတွင် လုပ်ငန်းခွင်ထိခိုက်မှုများနှင့် လုပ်ငန်းခွင်ဆိုင်ရာ ရောဂါရရှိခံစားရမှုများ လျော့နည်းကျဆင်းစေရန်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီဝင်များ၏ စွမ်းဆောင်ရည်များ တိုးတက်လာစေရန်၊ သင်ကြားပို့ချမည့် ဘာသာရပ်များကို အသုံးချ၍ မိမိတို့၏ လုပ်ငန်းခွင်များတွင် ဘေးအန္တရာယ်ကျရောက်မှု ဆန်းစစ်အကဲဖြတ်ခြင်းများ ဆောင်ရွက်နိုင်ရန် အဓိကရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။ ဆက်လက်၍ တက်ရောက်လာသည့် သင်တန်းသား၊ သင်တန်းသူများက တစ်ဦးချင်း မိတ်ဆက်ပြီး စုပေါင်း မှတ်တမ်းတင်ပုံရိုက်ခဲ့ကြသည်။

အဆိုပါ သင်တန်းကို အောက်တိုဘာ ၂၀ ရက် မှ ၂၂ ရက်အထိ ၃ ရက်တာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီး အလုပ်သမားဝန်ကြီးဌာန၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး စစ်ဆေးရေးမှူးနှင့် အဖွဲ့ဝင်များ၊ သင်တန်းနည်းပြများ၊ သင်တန်းသား၊ သင်တန်းသူ ၄၀ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

ဧင်မင်းမောင်

(ခရိုင်၊ ပြန်/ ဆက်)

o-o-o-o-o-o

ဝမ်တောင်းကျေးရွာ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

မိုင်းယန်း အောက်တိုဘာလ ၂၀

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းခရိုင်၊ မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် မူလခွင့်ပြုရန်ပုံငွေဖြင့် ဝမ်တောင်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ် ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ရှေးဦးစွာ မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးရန်ကျော်၊ မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းနှင့် ခရိုင်၊ မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများ ကုမ္ပဏီမှ တာဝန်ရှိသူများက ဝမ်တောင်းကျေးရွာ ကုန်ထုတ်လမ်းအရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ မြေသား ၉ လက်မထူ မြေဖို့ခြင်း၊ ကျင်းမြေကိုးလက်မ ကုန်ထုတ်လမ်းဖောက်လုပ် ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကုမ္ပဏီတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လုပ်ငန်းများ သတ်မှတ်စံချိန်၊ စံညွှန်းများနှင့်အညီ ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးနိုင်ရေး အလေးထား ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

အဆိုပါ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် မူလခွင့်ပြုရန်ပုံငွေကျပ် ၇၀ ဒသမ ၂၉၀ သန်းဖြင့် တင်ဒါအောင်မြင်သည့် ရွှေပန်ကွဲကုမ္ပဏီမှ ဇူလိုင်လ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၁၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါ ကုန်ထုတ်လမ်း ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပါက ဝမ်တောင်းကျေးရွာမှ တောင်သူများ လယ်ယာထွက်ကုန်များကို ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခရိုင်ဦးစီးမှူးက ပြောသည်။

အောင်ရဲကျော်



ဝေရောစန ကျောက်စိမ်းစေတီတော်မြတ်ကြီးတွင် သီတင်းကျွတ်လပြည့်နေ့၌ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပြိုင်ပွဲ ကျင်းပမည်



မန္တလေး အောက်တိုဘာ ၂၀

မန္တလေး၊ အမရပူရမြို့နယ်၊ ဆင်ရွာမြင်းမူးရှိ ဝေရောစန ကျောက်စိမ်းစေတီတော်မြတ်ကြီးတွင် သီတင်းကျွတ်လပြည့်နေ့၌ ဆီမီးကိုးထောင် ထွန်းညှိပူဇော်ပွဲနှင့် အဋ္ဌမအကြိမ်မြောက် မဟာပဋ္ဌာန်းပစ္စယုဒ္ဒေသနှင့် ပစ္စယနိဒ္ဒေသ အာဂုံဆောင် ရွတ်ဖတ်ပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း ဘုရားဂေါပကအဖွဲ့မှ တာဝန်ရှိသူ ဦးစိုးနိုင်ထံမှ သိရသည်။

အဆိုပါ အစီအစဉ်တွင် ၇ဖ ကြိမ်မြောက် ၂၄ ပစ္စည်းပဋ္ဌာန်း ပစ္စယုဒ္ဒေသနှင့် ပစ္စယနိဒ္ဒေသ အာဂုံဆောင် ရွတ်ဖတ်ပူဇော်ခြင်း အပြင် အဋ္ဌမအကြိမ်မြောက် ၂၄ ပစ္စည်းပဋ္ဌာန်း အာဂုံဆောင် ရွတ်ဖတ်ပြိုင်ပွဲကိုလည်း ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်များ၏ ရွတ်ဖတ်မှုများကို ဆရာတော်ကြီးများက အကဲဖြတ်ရွေးချယ်ကာ ထူးချွန်သူများအား ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။

"သီတင်းကျွတ်လပြည့်နေ့မှာ ဆီမီးကိုးထောင် ထွန်းညှိပူဇော်သွားမှာဖြစ်သလို မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲနဲ့ အာဂုံဆောင်ပြိုင်ပွဲကိုလည်း ကျင်းပသွားမှာပါ။ ပြိုင်ပွဲဝင်တွေရဲ့ ရွတ်ဖတ်မှုတွေကို ဆရာတော်ကြီးတွေက အကဲဖြတ်ရွေးချယ်ပြီး ဆုတွေ ချီးမြှင့်ပေးသွားမှာဖြစ်ပါတယ်။ ဆုကြေးငွေတွေကိုတော့ ကျွန်တော်က လှူဒါန်းထားတာဖြစ်ပါတယ်"ဟု ဦးစိုးနိုင်က ပြောသည်။

ပြိုင်ပွဲတွင် ပထမဆုအဖြစ် ငွေကျပ် ၃၅ သိန်း၊ ဒုတိယဆုအဖြစ် ငွေကျပ် ၂၅ သိန်း၊ တတိယဆုအဖြစ် ငွေကျပ် ၁၅ သိန်းနှင့် စတုတ္ထဆုအဖြစ် ငွေကျပ် ၁၀ သိန်းတို့ကို ချီးမြှင့်ပေးသွားမည်ဖြစ်သည်။ ထို့ပြင် နှစ်သိမ့်ဆု ၂၀ ဆုကိုလည်း တစ်ဆုလျှင် ငွေကျပ် နှစ်သိန်းစီ ချီးမြှင့်ပေးသွားမည်ဖြစ်သည်။

သီတင်းကျွတ်လပြည့်နေ့တွင် ဘုရားဖူးလာရောက်သူများအား စိတ်ကြည်နူးချမ်းမြေ့စွာ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် စေတီတော်မြတ်ကြီး၏ သန့်ရှင်းသာယာလှပရေး လုပ်ငန်းများကိုလည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၈)



အိမ်ခြံမြေငှားရမ်းသူများအနေဖြင့် အငှားလုပ်ငန်းလိုင်စင် ပြုလုပ်ထားသင့်ဟုဆို

မန္တလေး အောက်တိုဘာ ၂၀

အိမ်ခြံမြေငှားရမ်းမှုများ လုပ်ဆောင်နေသည့် အိမ်ရှင်များ အနေဖြင့် အိမ်ငှားရမ်းလုပ်ငန်း လိုင်စင်ပြုလုပ်ထားပြီး သတ်မှတ်ထားသည့် အခန်းများကို ပေးဆောင်သင့်ကြောင်း ရန်အောင်အိမ်ခြံမြေကုမ္ပဏီတည်ထောင်သူ ဦးရန်အောင်က အကြံပြုပြောကြားသည်။

အိမ်ပိုင်ရှင်၊ တိုက်ပိုင်ရှင်များနှင့် ဟိုတယ်ပိုင်ရှင်များအနေဖြင့် မိမိပိုင်ဆိုင်သည့် အဆောက်အအုံများကို အခြားသူများအား ငှားရမ်းရာတွင် အငှားလုပ်ငန်း လိုင်စင်ပြုလုပ်ထားခြင်းဖြင့် အိမ်ရှင်နှင့် အိမ်ငှားအကြား ဖြစ်ပေါ်လာနိုင်သည့် ပြဿနာများနှင့် မလိုလားအပ်သော အခြေအနေများကို ရှောင်ရှားနိုင်ရန် ရည်ရွယ်၍ အကြံပြုခြင်းဖြစ်သည်။

"အိမ်ငှားလိုင်စင်လုပ်ပြီး ငှားရမ်းတာက ကိုယ့်အတွက် အန္တရာယ်ကင်းတယ်၊ ဥပဒေနဲ့လည်းညီတယ်။ တကယ်ပြဿနာဖြစ်လာရင် ဒီကိစ္စက အကာအကွယ်ပေးတယ်။ ဟိုတယ်ပိုင်ရှင်တွေအနေနဲ့လည်း ငှားရမ်းမှု လုပ်မယ်ဆိုရင် မိမိပိုင်ဟိုတယ်နာမည်နဲ့ ငှားရမ်းတာမျိုးမလုပ်ဘဲ ငှားရမ်းမယ့်သူရဲ့ အမည်နဲ့ လိုင်စင်အတိုင်း လုပ်ကိုင်သူတွေကိုသာ ငှားရမ်းသင့်ပါတယ်။ အဲဒီလိုမလုပ်ဘဲ ပြဿနာတစ်စုံတစ်ရာဖြစ်လာခဲ့ရင် ဟိုတယ်ပိုင်ရှင်မှာ နစ်နာမှုတွေ များနိုင်ပါတယ်" ဟု ၄င်းကိုယ်တိုင် ကြုံတွေ့ခဲ့ရသည့် ဖြစ်စဉ်နှင့် ပတ်သက်၍ ရှင်းပြသည်။

ထို့ကြောင့် အငှားလုပ်ငန်းများ လုပ်ကိုင်ရာတွင် ပြဿနာများ မကြုံတွေ့စေရန် နိုင်ငံတော်က သတ်မှတ်ထားသည့် အခွန်များကို ပေးဆောင်ပြီး ခိုင်မာသောစာချုပ်စာတမ်းများဖြင့် ငှားရမ်းမှုများ ပြုလုပ်သင့်ကြောင်း ၄င်းက အကြံပြုသည်။

အိမ်ငှားရမ်းလုပ်ငန်းလိုင်စင် ပြုလုပ်လိုသူများအနေဖြင့် အိမ်ပိုင်ဆိုင်မှုဆိုင်ရာစာရွက်စာတမ်းများကိုယူဆောင်ကာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသို့ သွားရောက်၍ လိုင်စင်လျှောက်ထားနိုင်ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၈)

အယ်လ်နီညိုအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲများနှင့် အပူရှောင်စခန်းများ စီစဉ်ဆောင်ရွက်

မန္တလေး အောက်တိုဘာ ၂၀

ယခုနှစ်ကုန်ပိုင်းမှ စတင်၍ အမြင့်ဆုံးအခြေအနေသို့ ရောက်ရှိလာနိုင်သည့် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်သည် လက်ရှိတွင် အားကောင်းသည့် အခြေအနေသို့ စတင်ရောက်ရှိနေပြီဖြစ်ရာ မြန်မာနိုင်ငံအလယ်ပိုင်း မန္တလေးမြို့တွင် အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် ကျန်းမာရေးအသိပညာပေးခြင်းနှင့် ကြိုတင်ပြင်ဆင်မှုများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။

အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပြင်းထန်အပူဒဏ်၏ ရိုက်ခတ်မှုများကို ကြိုတင်ကာကွယ်နိုင်ရန်အတွက် ချမ်းအေးသာစံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးဆောင်၍ နီးနွယ်ဌာနဆိုင်ရာများ ပူးပေါင်းကာ လူစည်ကားရာနေရာများနှင့် အခြေခံပညာကျောင်းများတွင် အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲများကို ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

"အယ်လ်နီညိုဆိုတာက ပစိဖိတ်သမုဒ္ဒရာအတွင်းက ပင်လယ်ရေမျက်နှာပြင် အပူချိန်မြင့်တက်လာတာကြောင့် ဖြစ်ပေါ်လာတဲ့ သဘာဝဖြစ်စဉ်တစ်ခု ဖြစ်ပါတယ်။ ဒီဖြစ်စဉ်ကြောင့် ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုတွေ ဖြစ်ပြီး အပူဒဏ်အန္တရာယ်၊ မိုးကြီးလေကြီးတာနဲ့ စိုက်ပျိုးရေးထိခိုက်နိုင်တာတွေ ဖြစ်နိုင်ပါတယ်။ မြန်မာနိုင်ငံမှာတော့ အပူဒဏ်ပိုမိုကြုံတွေ့နိုင်တာကြောင့် အပူဒဏ်ကြောင့် ကျန်းမာရေးပြဿနာ ပေါ်ပေါက်လာရင် ရှေးဦးသူနာပြုစုပြီး နီးစပ်ရာဆေးရုံ၊ ဆေးခန်းတွေဆီ အမြန်ဆုံး သွားရောက်ပြသသင့်ပါတယ်"ဟု ချမ်းအေးသာစံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာချမ်းစိမ့်စိမ့်ချမ်းက ပြောကြားသည်။

အဆိုပါ အယ်လ်နီညိုဖြစ်စဉ်သည် ယခုနှစ် ဆောင်းရာသီမှသည် လာမည့်နှစ်နွေရာသီအထိ တည်ရှိနေနိုင်သဖြင့် အထက်မြန်မာပြည် မန္တလေးမြို့နယ် အပါအဝင် အပူပိုင်းဒေသများတွင် မြို့နယ်အလိုက် အပူရှောင်စခန်းများ ဖွင့်လှစ်ရန် စီစဉ်လျက်ရှိရာ ချမ်းအေးသာစံမြို့နယ်အတွင်း၌လည်း အပူရှောင်စခန်း ငါးခုကို ဖွင့်လှစ်ရန် ပြင်ဆင်ထားရှိသည်။

ထို့အပြင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လိုအပ်သည့် ဆေးဝါးများ ထောက်ပံ့ပေးထားသည့်အပြင် သက်ဆိုင်ရာဌာနဆိုင်ရာများ၊ အုပ်ချုပ်ရေးအရာရှိများနှင့် ပရဟိတအသင်းအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများက အရေးပေါ်လူနာတင်ယာဉ်များ အသင့်စုဖွဲ့ကာ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရှိကြောင်း သိရသည်။

(အောက်ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

o-o-o-o-o-o

o-o-o-o

သီတင်းကျွတ်ပွဲတော်နီးလာသဖြင့် အသင့်ချုပ်မြန်မာဝတ်စုံ(Ready To Wear)များ ရောင်းအားကောင်း

မန္တလေး အောက်တိုဘာ ၂၀

သီတင်းကျွတ်လပြည့်ပွဲတော်နှင့် အလှူ၊ မင်္ဂလာပွဲကာလ နီးကပ်လာသဖြင့် အသင့်ချုပ်မြန်မာဝတ်စုံ(Ready to Wear)များ ရောင်းအားကောင်းလျက်ရှိကြောင်း အသင့်ချုပ်မြန်မာဝတ်စုံ ရောင်းချသူများထံမှ သိရသည်။

မကြာမီချိန်တွင် ဝါကျွတ်ပွဲတော်ကာလရောက်ရှိလာတော့ မည်ဖြစ်သည့်အတွက် အသင့်ချုပ်မြန်မာဝမ်းဆက်များကို ဝယ်ယူသုံးပိုမိုများပြားလာပြီး ဈေးနှုန်းအားဖြင့် တစ်စုံလျှင် ငွေကျပ် ၃၀,၀၀၀ ကျော်မှ ငွေကျပ် ၆၀,၀၀၀ ကြားရှိ ဝတ်စုံများ ပိုမိုရောင်းချနေရကြောင်း အသင့်ချုပ်မြန်မာဝတ်စုံထုတ်လုပ် ရောင်းချနေသည့် မထက်ထက်က ပြောသည်။

"ဒီရက်ပိုင်း သီတင်းကျွတ်နီးလာတော့ ဝမ်းဆက်တွေ အရမ်းရောင်းရတယ်၊ ခါတိုင်းဆိုရင် လကုန်ရက်တွေလောက်ပဲ ရောင်းကောင်းတာ၊ အခုကျတော့နေ့တိုင်းလိုလို ရောင်းနေရတာ။ ဈေးနှုန်းအနေနဲ့ကတော့ အစ်မတို့ဆီမှာ တစ်စုံကို ငွေကျပ် သုံးသောင်းကျော်ကနေစရှိတယ်။ အဲဒီထဲကမှ သုံးသောင်းနဲ့ ခြောက်သောင်းကြားက အထည်တွေက ပိုဈေးရောင်းရတယ်၊ သီတင်းကျွတ်မှာ ဘုရားသွား၊ ကျောင်းတက်၊ ဆီမီးထွန်းပွဲတွေ သွားရင် ဝတ်ဖို့ ပေါ့ပေါ့ပါးပါး အထည်လေးတွေပေါ့။ Ready to Wear ဝမ်းဆက်တွေက ဈေးနှုန်းလည်း သင့်တယ်၊ အချိန်အကြာကြီး စောင့်ရတာလည်းမရှိဘူး၊ ရွေးစရာဒီဇိုင်းတွေကလည်းများတယ်၊ ဝတ်ရတာလည်း အဆင်ပြေတယ်ဆိုတော့ အခုနောက်ပိုင်း စက်ဆိုင်ကိုတကူးတက် သွားမအပ်ကျတော့ဘူး၊ ချုပ်ခတွေကလည်း ဈေးကြီးတော့ ချုပ်ပြီးသားပဲ ဝယ်လိုက်ကြတော့တယ်" ဟု မထက်ထက်က ပြောသည်။

ထို့အပြင် သီတင်းကျွတ်ပွဲတော်များနှင့် အလှူ၊ မင်္ဂလာပွဲများတွင် ဝတ်ဆင်ရန်အတွက် အသင့်ချုပ်မြန်မာဝမ်းဆက် တစ်စုံလျှင် ငွေကျပ် တစ်သိန်းကျော်မှ လေးသိန်းဝန်းကျင် အထည်များအပြင် ပွဲတက်ပဝါများလည်း ရောင်းကောင်းလျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

(မန္တလေးနေ့စဉ်-၅)





သတိပြုရှောင်ရှား ဆေးလိပ်၊ ဆေးရွက်ကြီးအန္တရာယ်များ

Ipsos Global Prediction ၏ မကြာသေးမီက ထုတ်ပြန်သည့် အစီရင်ခံစာအရ ကမ္ဘာပေါ်တွင် ဆေးလိပ်သောက်နှုန်း အမြင့်ဆုံး နိုင်ငံသည် ပစိဖိတ်ကျွန်းနိုင်ငံငယ် နော်ရူးဖြစ်သည်။ လူဦးရေ၏ ၄၈ ဒသမ ၃ ရာခိုင်နှုန်း ဆေးလိပ်သောက်နေကြသည်။

ကမ္ဘာတစ်ဝန်းတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ **(WHO)** နှင့် နိုင်ငံအသီးသီး၏ ပူးပေါင်းလှုံ့ဆော်တိုက်ဖျက်မှုများ၊ ဆေးရွက်ကြီး ထိန်းချုပ်ရေး လှုပ်ရှားမှုများကြောင့် တစ်ကမ္ဘာလုံးဆိုင်ရာ အချက်အလက်များအရ ဆေးလိပ်သောက်သုံးသူ ရာခိုင်နှုန်းကျဆင်းသွားကြောင်း အထောက် အထားများဖြင့် ဖော်ပြနေကြသည်။ နိုင်ငံအများအပြားသည် အခွန် တိုးမြှင့်ခြင်း၊ ဆေးလိပ်ကြော်ငြာများကို တားမြစ်ခြင်းနှင့် ထုပ်ပိုးမှုများ၌ ကျန်းမာရေးသတိပေးချက်များ ဖော်ပြစေခြင်းဖြင့် ဆေးရွက်ကြီးထိန်းချုပ် ရေးမူဝါဒများကို လက်ခံကျင့်သုံးလျက်ရှိသည်။ သို့သော်လည်း စိန်ခေါ်မှု များစွာရှိနေသော နိုင်ငံအချို့တွင်မူကား အကြောင်းကြောင်းကြောင့် အောင်မြင်မှုနှင့် အလွန်ဝေးနေဆဲ ဖြစ်သည်။

WHO ၏ မှတ်တမ်းများအရ ဆေးလိပ်သောက်သုံးမှုသည် နှစ်စဉ် လူပေါင်း ရှစ်သန်းကျော်ကို သေဆုံးစေလျက်ရှိသည်။ သေဆုံးသူများ အနက် ၁ ဒသမ ၂ သန်းခန့်မှာ တစ်ဆင့်ခံဆေးလိပ်ငွေ့ကို ရှူရှိုက် ရမှုမှတစ်ဆင့် ရရှိလာသောရောဂါများကြောင့် သေဆုံးရခြင်း ဖြစ်သည်။ ထို့ကြောင့် ဆေးလိပ်သောက်သုံးမှုမှတစ်ဆင့် ဖြစ်ပွားရသော ရောဂါများ ကြောင့် နေ့စဉ်နှင့်အမျှ လူအသေအပျောက်ရှိနေသည့်အတွက် **WHO** က "ဆေးလိပ်၊ ဆေးရွက်ကြီး ကပ်ရောဂါ" ဟုပင် တင်စားခေါ်ဝေါ် နေရသည်။ အီး-စီးကရက်ကဲ့သို့သော ဆေးရွက်ကြီးထွက်ကုန်အသစ် များ မြင့်တက်လာခြင်းတို့က ဆေးလိပ်သောက်သုံးမှု အမှုအကျင့်ကို ဖြတ်တောက်နိုင်ရန် အခက်အခဲ ဖြစ်စေသည်။

ဆေးလိပ်ဆိုးကျိုး အမျိုးမျိုး

ဆေးလိပ်ကို လူသားတို့ သောက်ရှူသုံးစွဲခဲ့သည်မှာ နှစ်ပေါင်း ၈၀၀၀ ခန့် ရှိပြီဖြစ်သည်။ ဤသို့ဆိုလျှင် လူသားများအနေဖြင့် ဆေးလိပ် ကို အာယဒကြောင့် စွန့်လွှတ်ခြင်း မပြုနိုင်ကြပါသနည်း။ အကြောင်း အရင်းမှာ ဆေးလိပ်နှင့် ဆေးရွက်ကြီးတွင်ပါရှိသော နီကိုတင်း၏အာနိသင် သည် တစ်ကြိမ်သောက်ပြီးပါက နောက်တစ်ကြိမ် ထပ်သောက်ရန် စိတ်ဆန္ဒဖြစ်ပေါ်ကာ စွဲလမ်းသွားစေ၍ ဖြစ်သည်။

ဆေးလိပ်၊ ဆေးရွက်ကြီး သုံးစွဲမှုကြောင့် နှလုံးနှင့် အဆုတ်ရောဂါ ဖြစ်နိုင်ခြေကို မြင့်တက်စေပြီး အသက်ရှူလမ်းကြောင်းရောဂါ၊ လေဖြတ် ရောဂါ၊ ခြေပုပ်လက်ပုပ်ရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိကွယ်ခြင်းတို့ ဖြစ်ပွားနိုင်သည်။ ထို့အပြင် ကင်ဆာရောဂါအမျိုးမျိုးတို့ဖြစ်ပွား၍ လူ့ သက်တမ်းစေ့ မနေရဘဲ စောစီးစွာ သေဆုံးနိုင်ပါသည်။ ထိုမျှမက ဆေးလိပ်သောက်ခြင်းကြောင့် အဖြစ်များသော လိင်မှုပိုင်းဆိုင်ရာ ပြဿနာများမှာ အသက်ရှူမဝခြင်း၊ အမောမခံနိုင်ခြင်း၊ လိင်မှုဆိုင်ရာ ဟော်မုန်းများထုတ်လုပ်မှုနည်းခြင်း၊ လိင်မှုစိတ်ဆန္ဒလျော့နည်းလာခြင်း၊ ရင်သွေးရရှိင်ခြေနည်းခြင်း စသည်တို့ဖြစ်သည်။

စီးကရက်မီးခိုးငွေ့ကြောင့် အဆစ်အဖြစ်ရောင်ရောဂါ ဖြစ်ပွားလာနိုင်

ဆွီဒင်နိုင်ငံမှ ဆေးသိပ္ပံပညာရှင်များသည် နှာတာရှည်အဆစ်အဖြစ် ရောင်ရောဂါနှင့်ပတ်သက်၍ လူနာပေါင်း ၄၀၀၀ ကျော်တို့အား စစ်တမ်း ကောက်ယူရာမှ ပေါ်ထွက်လာသည့် အချက်အလက်များကို အခြေခံ၍ မကြာသေးမီက သုတေသနပြုလုပ်ထားကြသည်။ နာတာရှည် အဆစ် အဖြစ်ရောင်ရောဂါ ဖြစ်ပွားစေသော အကြောင်းအရင်းအမျိုးမျိုးကို စူးစမ်းလေ့လာခဲ့ရာ ထိုအကြောင်းအရင်းများထဲမှ စီးကရက်မီးခိုးငွေ့၏ ဆိုးကျိုးအပေါ် သံသယဖြစ်ဖွယ်အချက်များ ဖော်ထုတ်တွေ့ရှိခဲ့သည်။

စီးကရက်မှ ပေါ်ထွက်လာသော မီးခိုးငွေ့ အဆိပ်အတောက်များ သည် စီးကရက်သောက်သူ၏ အရိုးအဆစ်များအတွင်းသို့ ဝင်ရောက် သွားရာမှ အဆစ်အဖြစ်ရောင်ရောဂါကို အခြားသာမန်လူများထက် ပို၍ခံစားခြင်းဖြစ်ကြောင်း ဆက်လက်တွေ့ရှိပုံကို စာတမ်းတစ်စောင် ရေးသားပြီး တင်ပြခဲ့သည်။ စီးကရက်သာမက စက်ရုံ၊ အလုပ်ရုံများမှ ပေါ်ထွက်လာသော အခြားမီးခိုးငွေ့များသည်လည်း အလားတူ ဆိုးကျိုး သက်ရောက်မှု ဖြစ်စေနိုင်ကြောင်း ဆွီဒင်ဆေးသိပ္ပံပညာရှင်များက သတိပေးထားပါသည်။

ဆေးလိပ်သောက်ခြင်းကြောင့် အရွယ်မတိုင်မီ အိုမင်းရင့်ရော်မှုဖြစ်စေနိုင်

ဆေးလိပ်သောက်ခြင်းသည် လူ၏အရေပြားကို ခြောက်သွေ့စေ ပါသည်။ အရေပြားများကို ကျီးကန်းခြေထောက်သဖွယ် တွန့်ရှုံ့စေ တတ်ပြီး မျက်လုံး၏အောက် အရေပြားကိုလည်း ပွဖောင်းရောင့်ရွဲ စေတတ်သည်။ အရေပြားအတွင်းရှိ အဆီအိတ်မှထွက်သော အဆီ တို့သည် အရေပြားကို ချောမွေ့စိုစွတ်စေရုံမျှမက ရောဂါပိုးမွှားများ ခန္ဓာကိုယ်အတွင်း မဝင်နိုင်ရန် တားဆီးပေးပါသည်။ သို့သော် ဆေးရွက် ကြီးတွင် ပါဝင်သောဓာတ်များက လူ၏ခန္ဓာကိုယ်ကို ဖျက်ဆီးတတ် သည်။ အထူးသဖြင့် နီကိုတင်းဓာတ်က သွေးကြောများ ကျဉ်းခြင်းနှင့် အောက်ဆီဂျင်ကို ပိတ်ဆို့ခြင်းကြောင့် အရေပြားဆဲလ်များ **(Skin Cells)** များ ပျက်စီးသွားကာ အရွယ်မတိုင်မီ အိုမင်းရင့်ရော်မှုကို ဖြစ်ပေါ်လာ စေပါသည်။

ဆေးလိပ်သောက်ခြင်းကြောင့် ထိပ်ပြောင်ခြင်းဖြစ်စေနိုင်

ထိပ်ပြောင်ခြင်းသည် အမျိုးသားများတွင် တွေ့ရများသော ပြဿနာ တစ်ခုဖြစ်ပြီး မျိုးရိုးလိုက်တတ်ပါသည်။ ထိပ်ပြောင်ခြင်းကို ဖြစ်စေသော အခြားအကြောင်းအရင်းတစ်ခု ရှိပါသေးသည်။ ၄င်းမှာ "ဆေးလိပ်သောက် ခြင်း" ဖြစ်သည်။ ကျန်းမာသန်စွမ်းသော ဆံပင်ကို ပိုင်ဆိုင်နိုင်ရန်အတွက် အောက်ဆီဂျင်၊ ဒီတာမင် နှင့် အာဟာရဓာတ်များ ပြည့်ဝစေရန် အထူး လိုအပ်သည်။ ဆေးလိပ်ငွေ့တွင် အဆိပ်အတောက်ဖြစ်စေသော ဓာတု ပစ္စည်းများ ထောင်နှင့်ချီ ပါဝင်နေပြီး ၄င်းဆေးလိပ်ငွေ့များကို ရှူရှိုက် မိခြင်းကြောင့် အမွေးအိမ်များသို့ သွေးအရောက်နည်းသွားစေကာ အကျိုး ဆက်အနေဖြင့် ဆံပင်ပါးခြင်းနှင့် ဆံပင်ကျွတ်ခြင်းတို့ကို ခံစားရနိုင် ပါသည်။

ဆေးလိပ်သောက်ခြင်းနှင့် ကိုဗစ်-၁၉ ကူးစက်နိုင်မှုအခြေအနေ

ဆေးလိပ်တွင်ပါသော ဓာတုပစ္စည်းများကို အသက်ရှူလမ်း ကြောင်းမှတစ်ဆင့် အဆုတ်အတွင်းသို့ ရှူသွင်းရသဖြင့် အဆုတ်၏ အကာ အကွယ်စနစ်ကို ယိုယွင်းစေပြီး အဆုတ်နှင့် အသက်ရှူလမ်းကြောင်းတို့ကို ပျက်စီးစေနိုင်ကြောင်း ဆေးပညာရှင်များက မကြာခဏ သတိပေးလျက် ရှိသည်။ အထူးသဖြင့် ကိုဗစ်-၁၉ ဝိုင်းရပ်စိုးပိုးသည် အသက်လမ်းကြောင်း မှတစ်ဆင့် ကူးစက်ဝင်ရောက်လာခြင်းဖြစ်၍ ရောဂါပိုးကူးစက်ခံရသူများ သည် ဆေးလိပ်သောက်သူဖြစ်ပါက အဆုတ်အတွင်းသို့ ရောဂါပိုးများ အလွယ်တကူ ထိုးဖောက်ဝင်ရောက်နိုင်ပြီး အဆုတ်ကို ပို၍ ပျက်စီးစေ နိုင်သည်။ ထို့အပြင် ဆေးလိပ်ကို စွဲခွဲလမ်းလမ်း သောက်သုံးခဲ့သူများ မှာ ရောဂါဒဏ်ကို ပြင်းပြင်းထန်ထန် ခံစားကြရသည်။

တစ်ဆင့်ခံရှူရှိုက်မိခြင်း အန္တရာယ်

တစ်ဆင့်ခံဆေးလိပ်ကြောင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများတွင် ကိုယ်ဝန်ပျက်ကျခြင်း၊ ကိုယ်အလေးချိန်မပြည့်သောကလေးမွေးဖွားခြင်း တို့ဖြစ်နိုင်ပြီး ကလေးများတွင် မွေးကင်းစကလေး ရုတ်တရက်သေဆုံး ခြင်း၊ နားရောဂါဖြစ်ပွားခြင်း၊ မကြာခဏ နေမကောင်းဖြစ်ခြင်း၊ အဆုတ် ကြီးထွားဖွံ့ဖြိုးမှုကို ထိခိုက်စေခြင်းနှင့် ပန်းနာရင်ကျပ်ရောဂါခံစားရခြင်း စသည်တို့ကို ဖြစ်ပွားစေသည်။ ကိုယ်တိုင်ဆေးလိပ်မသောက်သော်လည်း တစ်ဆင့်ခံဆေးလိပ်ငွေ့ကို ရှူရှိုက်ရခြင်းသည် ဆေးလိပ်လောင်ကျွမ်းရာမှ ထွက်လာသော အဆိပ်ငွေ့များနှင့် ဆေးလိပ်သောက်သုံးသူမှ ရှူထုတ် လိုက်သော အငွေ့များကိုပါ အစီခံ **(filter)** မပါဘဲ တိုက်ရိုက် ရှူရှိုက်မိ သောကြောင့် ဆေးလိပ်သောက်သုံးသူနှင့် အတူနေသူများတွင် အန္တရာယ် ပိုကြီးမားသည်။

ဆေးလိပ်ဖြတ်ခြင်းကြောင့် ရရှိနိုင်မည့်အကျိုးကျေးဇူးများ

ဆေးလိပ်ဖြတ်ပြီးနောက် ဆေးလိပ်မီးခိုးကင်းလွတ်သည့် ပထမဆုံး အသက်ရှူမှု ပြုလုပ်အပြီး မိနစ်ပိုင်းအကြာမှာပင် ခန္ဓာကိုယ်၏ ကျန်းမာ ရေး အခြေအနေသည် အကောင်းဘက်သို့ စတင်ပြောင်းလဲပြီ ဖြစ်သည်။ ထို့အပြင် နောင်လာမည့် သီတင်းပတ်များနှင့် လများအတွင်း ကျန်းမာရေး နှင့် အညီအညွတ် အသက်ရှူရလေလေ လူ့ခန္ဓာကိုယ်ရရှိမည့် ကျန်းမာရေး အကျိုးကျေးဇူးများမှာလည်း ဆယ်မှ များပြားလာလေလေဖြစ်သည်။

သုတေသီများ၏ လေ့လာတွေ့ရှိချက်အရ –

* နောက်ဆုံးဖွာရှိုက်မှု ပြုလုပ်ခဲ့ပြီးနောက် မိနစ် ၂၀ ခန့်အကြာ တွင် ဆေးလိပ်ဖြတ်ခြင်း၏ အကျိုးကျေးဇူးများ ပေါ်ထွက်လာရာ ဆေးလိပ် သောက်သူ၏ နှလုံးခုန်နှုန်းနှင့် သွေးဖိအား နှစ်မျိုးလုံး စတင်ကျဆင်း လာကြောင်း၊

* နောက်ရက် အနည်းငယ်အကြာတွင် သွေးအတွင်း ကာဗွန်မို နောက်ဆိုက် **(Carbon Monoxide)** ပါဝင်မှုအဆင့် ပုံမှန်ပြန်ဖြစ်လာ ကာ အောက်ဆီဂျင်ပမာဏ ပြန်တက်လာကြောင်း၊

* နောက် ရက်သတ္တပန်ဝတ်နှင့် သုံးလကြား ကာလတွင်မူ ဆေးလိပ်ဖြတ်ထားသူ၏ ခန္ဓာကိုယ်တွင်း သွေးလည်ပတ်စီးဆင်းမှုစနစ်နှင့် အဆုတ်၏ စွမ်းဆောင်ရည် ပိုမိုအားကောင်းလာကြောင်းနှင့်

* ဆေးလိပ်ဖြတ်ပြီးနောက် ချင်ခြင်းတက်ခြင်း၊ စိတ်အနောင့် အယှက်ဖြစ်လွယ်ခြင်း၊ ဂနာမငြိမ်ဖြစ်ခြင်း၊ အိပ်မရခြင်း စသည့် ပြဿနာ များ ရှိသည့်တိုင် ရရှိမည့် ကျန်းမာရေးအကျိုးကျေးဇူးများမှာ များစွာ သာလွန်ကြောင်း သုတေသီများ ပြောကြားထားသည်။

ထို့အပြင် ဆေးလိပ်သောက်သူတွေက မသောက်သူတွေထက် အဆုတ်ကင်ဆာ ဖြစ်ပွားနိုင်ခြေ (၂၂) ဆ ပိုများကြောင်း ကမ္ဘာ့ကျန်းမာ ရေးအဖွဲ့ **(WHO)** က ထုတ်ပြန်ထားသည်။

အတူယူသင့်သော နယူးဇီလန်နိုင်ငံ

စီးကရက် ဝယ်ယူသောက်သုံးမှု ကန့်သတ်သည့်ဥပဒေကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် နယူးဇီလန်ပါလီမန်က ပြဋ္ဌာန်းအတည်ပြု လိုက်ပြီ ဖြစ်သည်။ ၂၀၀၈ ခုနှစ်နောက်ပိုင်း မွေးဖွားသူများကို စီးကရက် ဝယ်ယူခွင့်မပြုဟု အဆိုပါဥပဒေတွင် ကန့်သတ်ပြဋ္ဌာန်းထားကြောင်း နယူးဇီလန်ကျန်းမာရေးဝန်ကြီးက ဆိုပါသည်။ ယင်းဥပဒေ၌ နောက်နှစ် တွင် ၂၀၁၉ ခုနှစ် နောက်ပိုင်း မွေးဖွားသူများ စီးကရက်မသောက်ရ ဟူ၍လည်းကောင်း ဆက်လက်၍ ပိတ်ပင်ကန့်သတ်သွားမည်ဖြစ်ရာ နယူးဇီလန်နိုင်ငံတွင် စီးကရက်သောက်သုံးသူဦးရေ တစ်နှစ်ထက်တစ်နှစ် လျော့ကျသွားရန် ရည်ရွယ်ခြင်းဖြစ်ကြောင်းနှင့် မိမိတို့နိုင်ငံ၏ မျိုးဆက် သစ်များအတွက် ထိုသို့ပြဋ္ဌာန်းလိုက်သော ဥပဒေကြောင့် စီးကရက် သောက်သဖြင့် ဖြစ်ပွားသော ရောဂါအမျိုးမျိုးကို ကုသစရာမလိုတော့ဘဲ အများပြည်သူများ၏ တစ်ကိုယ်ရေ ကျန်းမာရေး၁၀ တိုးတက်လာမည် ဟုလည်း မွေ့မြော်မှန်းထားကြောင်း နယူးဇီလန် ကျန်းမာရေးဝန်ကြီးက ဆိုသည်။ ထိုဥပဒေသည် ၂၀၂၃ ခုနှစ်တွင် အသက်ဝင်ခဲ့ပြီးဖြစ်ရာ ယင်းနိုင်ငံသားများ၏ လူ့ဘဝသက်တမ်းပမာဏလည်း ပို၍ရှည်လာ ပါလိမ့်မည်။

ဆေးလိပ်များ စံညွှန်းသတ်မှတ်ချက်များနှင့်အညီ ထုပ်ပိုးရန်

ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို စံသတ်မှတ်ချက် များနှင့်အညီ ထုပ်ပိုးခြင်းနှင့် ကျန်းမာရေးသတိပေး ရပ်ပုံများ၊ စာသား များကို ပုံနှိပ်ဖော်ပြခြင်းဆိုင်ရာ အမိန့်သည် မြန်မာနိုင်ငံတွင် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်မှစ၍ အသက်ဝင် အာဏာသက်ရောက်ခဲ့ပြီး ဖြစ်သည်။ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများသုံးစွဲမှု လျော့ချ ထိန်းချုပ်ရေးအတွက် နည်းဗျူဟာများစွာရှိသည့်အနက် ကျန်းမာရေး အန္တရာယ်များရှိကြောင်း အများပြည်သူကို သတိပေးရန်လည်း ပါဝင် သည်။ ဆိုလိုသည်မှာ ဆယ်ကျော်သက်များအပါအဝင် လူအများ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ၏ ဆွဲဆောင်မှုမခံရအောင် ပြုလုပ်ထားခြင်း ဖြစ်သည်။

အဖွဲ့ဝင်ပေါင်း ၁၈၁ နိုင်ငံ ပါဝင်လက်မှတ်ရေးထိုးထားသည့် **(WHO, FCTC)** (ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ဆေးလိပ်နှင့် ဆေးရွက်ကြီး ထွက်ပစ္စည်း သုံးစွဲမှုထိန်းချုပ်ရေး အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းအဖွဲ့) ၏ နည်းဗျူဟာလမ်းညွှန်ချက်အတိုင်း လိုက်နာဆောင်ရွက်ခဲ့ကြသည့် ကမ္ဘာ့နိုင်ငံပေါင်း ၂၆ နိုင်ငံသာရှိသေးရာ ၄င်းတို့အနက် အာရှနိုင်ငံ များအတွင်း ထိုင်းနိုင်ငံနှင့် စင်ကာပူနိုင်ငံပြီးလျှင် မြန်မာနိုင်ငံက တတိယမြောက်နိုင်ငံဖြစ်သည်။

အရှေ့တောင်အာရှ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သုံးစွဲမှု ထိန်းချုပ်ရေးမဟာမိတ်အဖွဲ့ **(SEATCA)** စာရင်းများအရ မြန်မာနိုင်ငံ တွင် ဆေးလိပ်သောက်သူ ၁၇ သန်းကျော်ရှိနေပြီး ဆေးရွက်ကြီးထွက် ပစ္စည်းသုံးစွဲမှုနှင့် နီးနွယ်ရောဂါများကြောင့် နှစ်စဉ် လူဦးရေ ၆၀၀၀ ခန့် သေဆုံးနေကြရသည်။ ထို့အပြင် ထိုရောဂါအတွက် ကျန်းမာရေးပြုစု ကုသမှုစရိတ် နှစ်စဉ် ငွေကျပ် ၂ ဒသမ ၆၂ ထရီလီယံ သို့မဟုတ် အမေရိကန် ဒေါ်လာ ၁ ဒသမ ၉၂ ဘီလီယံ သုံးစွဲနေရသည်။ ဆေးလိပ် မှတစ်ဆင့် ဖြစ်ပွားနိုင်သော ရောဂါဘယများသည် သောက်သုံးသူ ကိုယ်တိုင်သာမက စီးကရက်မီးခိုးငွေ့ကြောင့် အနီးပတ်ဝန်းကျင်ရှိ လူတိုင်း၏ လက်တစ်ကမ်းအကွာတွင် ရှိနေသော အန္တရာယ်ဖြစ်သည်။ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို ကာလကြာရှည်သုံးစွဲခြင်း သည် သုံးစွဲသူများ၏ ထက်ဝက်နီးပါးကို အရွယ်မတိုင်မီ အသက် ဆုံးရှုံးစေနိုင်သည်။

အချုပ်ဆိုသော် ဆေးလိပ်ဖြတ်သူများ ကျန်းမာရေးနှင့် ညီညွတ် မှုတစ္စွာနေပါက ရောဂါဘယကြောင့် သေဆုံးနိုင်ခြေကို မလွဲမသွေ လျော့ချနိုင်မည် ဖြစ်သည်။ ထို့ကြောင့် ဆေးလိပ်ကို စွဲခွဲမြဲမြံ သောက် သုံးသူများအနေဖြင့် မိမိကျန်းမာရေးကို ထိခိုက်စေပြီး ပတ်ဝန်းကျင် ကိုလည်း အနှောင့်အယှက်ဖြစ်စေနိုင်သည့် ဆေးလိပ်သောက်သုံးမှုကို စွန့်လွှတ်ဖြတ်တောက်သင့်ပါကြောင်းနှင့် ဆေးလိပ်နှင့် ဆေးရွက်ကြီး ထွက်ပစ္စည်း သုံးစွဲမှုလျော့ချထိန်းချုပ်ရေးအတွက် တာဝန်ရှိသူတိုင်းရော အများပြည်သူတွေကပါ ပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်း အကြံပြုလိုက်ရပါသည်။

စေတနာများစွာ
တင်ထက်ထက်ဇော်

အပူဒဏ်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေ



သာစည် အောက်တိုဘာ ၂၀

ရာသီဥတုပြောင်းလဲပြီး အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာမည့် အကျိုးသက်ရောက်မှုများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး ကြိုတင်ပြင်ဆင်ကာကွယ်နိုင်ရန် မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၌ အောက်တိုဘာ ၁၉ ရက်က အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်ဝင်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုင်းဇေယျမိုးနှင့် ကျန်းမာရေးဝန်ထမ်းများက အမှတ်(၁)ရပ်ကွက်၊ စွန်းလွန်းကျောင်းတိုက်၊ အမှတ်(၆)ရပ်ကွက်၊ သာယာကုန်းကျောင်းတိုက်တို့နှင့် ရွာကြီးကျေးရွာ၊ ဘုန်းတော်ကြီးကျောင်းတိုက်များသို့ ဥပုသ်သီလခံယူ ဆောက်တည်လာရောက်ကြသော ပြည်သူများနှင့် အပူဒဏ်ကို အလေးထားဂရုပြုရမည့် သက်ကြီးဘိုးဘွားများအား အပူဒဏ်အန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်ရန် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝံပုံ) (၄၈၇)

မြင်းမူမြို့နယ်အတွင်းရှိ ဝါစိုက်တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေး

မြင်းမူ အောက်တိုဘာ ၂၀

နိုင်ငံစီးပွားရေးပုံငွေမှ မြင်းမူမြို့နယ်အတွင်းရှိ မိုးနှောင်းချည်မျှင်ရှည်ဝါစိုက်တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးပေးခြင်းကို ယနေ့ နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ခန်းမ၌ ကျင်းပခဲ့ရာ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် ဦးမြင့်လေးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးဦးက နှုတ်ခွန်းဆက်စကားပြောကြားကာ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစိုးပိုင်က တောင်သူများအား ချေးငွေထုတ်ချေးပေးမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် ဦးမြင့်လေးနှင့် ဦးကျော်စိုးဦး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးဝင်းနိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်လှိုင်နှင့် တာဝန်ရှိသူများက မြင်းမူမြို့နယ်အတွင်းရှိ ဝါစိုက်တောင်သူများအတွက် စိုက်ပျိုးစရိတ်ချေးငွေများကို တောင်သူများထံ ပေးအပ်ခဲ့သည်။

အခမ်းအနားတွင် နိုင်ငံ့စီးပွားရန်ပုံငွေမှ မြင်းမူမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုနှစ်အုပ်စုမှ ဝါစိုက်တောင်သူ ၁၃ ဦး၊ စိုက်ဧက ၃၀ အတွက် ငွေကျပ် သိန်း ၉၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝံပုံ)

နေလင်းအောင်(ပြန်/ဆက်)

––*–*–*–*–*

ဒေသပွဲပြိုးရေး ပြည်သူ့စကားဝိုင်း ကျင်းပ

မိုင်းဆတ် အောက်တိုဘာ ၂၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့၌ ဒေသပွဲပြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၁၆ ရက် နံနက် ၁၀ နာရီက ဝိန်းနေရပ်ကွက်ရှိ ကုံကော်မြိုင်ဘုန်းတော်ကြီးကျောင်း ခမ္မာရုံတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းထွန်းက အဖွင့်အမှာ စကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦးက ပြည်သူ့စကားဝိုင်းကျင်းပရသည့် ရည်ရွယ်ချက်များကို ပြောကြားခဲ့သည်။

ထို့နောက် ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ဝင်းလွင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းသိန်း၊ အမှတ်(၃)လူကုန်းမူတားဆီးခိုမ်နှင်းရေးရဲတပ်ဖွဲ့ စိတ်မှ တပ်ဖွဲ့စိတ်မှူး ဒုတိယရဲမှူး လှဘုန်း၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာစောထက်ဝင်း၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးစိုးဌေး၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဒေါ်အေးသန္တာနိုင်၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးနိုင်ထူးအောင်နှင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါဇင်ပွင့်ဖြူတို့က သက်ဆိုင်ရာကဏ္ဍများအလိုက် မိမိတို့၏လုပ်ငန်းတာဝန်များ၊ လက်ရှိဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအား ဆွေးနွေးခဲ့ကြပြီး ပြည်သူ့စကားဝိုင်းသို့ တက်ရောက်လာသူ မြို့ပေါ်ရပ်ကွက် ခြောက်ရပ်ကွက်မှ ဒေသခံပြည်သူများ၏ သိရှိလိုသော မေးမြန်းဆွေးနွေးချက်များအပေါ် တာဝန်ရှိသူတို့က ပြန်လည်ဆွေးနွေးဖြေကြားပေးခြင်းနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယဉ်ယဉ်ဝင်း(ပြန်/ဆက်)



ဖတ်စရာ၊ မှတ်စရာ စုံလင် မြဝတီ

သီတင်းကျွတ်ပွဲတော်တူနွဲ့ပျော်

* သီတင်းကျွတ်ကာလ အခါသမယဝယ်
မီးပုံးရောင်စုံ ထွန်းညှိကြမယ်
သီတင်းကျွတ်လမယ် ဆီမီးလင်းလို့
ကြာမျိုးငါးပါး ပွင့်စုံတယ်
ဆီမီးရောင်စုံ လှပစေဖို့ ။

* မီးပုံးလေးတွေ ချိတ်ဆွဲမယ်
မီးပုံးပျံတွေ ဝေဝေဆာ
ကောင်းကင်ယံသို့ လွှတ်ကြတာ
လမင်းကြီးက ထိန်ထိန်ဝင်း
မြတ်စွာဘုရား တာဝတိံဆင်း ။

* မီးရှူး မီးပန်း ပူတော်ခြင်း
မိဘဆရာ သက်ကြီးရွယ်
ကန်တော့ဂါရဝ ပြုကြတယ်
မကောင်းကျိုးတွေ အကုန်ကင်း
ကောင်းကျိုးမှန်သမျှ စုံစီးဆင်း ။ ။

လဲ့လဲ့(အောင်မြေသာစံ)

စာဖတ်ရှုနိုင်မြှင့်တင်ရေး ဟောပြောပွဲနှင့် စာအုပ်၊ စာစောင်ပြပွဲ ကျင်းပ

မိုင်းစဲ အောက်တိုဘာ ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးခရိုင်၊ မိုင်းစဲမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား လူငယ်များ ဗဟပါးတန်ဖွံ့ဖြိုးတိုးတက်ပြီး ထူးချွန်ထက်မြက်သူများဖြစ်လာစေရန်ရည်ရွယ်၍ စာဖတ်ရှုနိုင်မြှင့်တင်ရေး ဟောပြောပွဲနှင့် စာအုပ်၊ စာစောင်ပြပွဲကို အောက်တိုဘာ ၁၉ ရက် နံနက် ၉ နာရီက လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပခဲ့ရာ မြို့နယ်ဦးစီးမှူး ဒေါ်အိဇာချိုက စာဖတ်ရှုနိုင်မြှင့်တင်ရေး နယ်လှည့်ဟောပြောပွဲ ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်နှင့် လူငယ်နှင့် စာပေ ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောရာတွင် ယနေ့မျိုးဆက်သစ်လူငယ်များမှာ နိုင်ငံတော်၏ အနာဂတ်ဖြစ်ကြောင်း၊ စာဖတ်ခြင်းဖြင့် အသိပညာ၊ ဗဟုသုတ၊ အတွေးအခေါ်များ ကျယ်ပြန့်၍ အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းနိုင်ကြောင်း၊ စာဖတ်ခြင်းသည် မိမိကိုယ်ကို အရည်အချင်းမြှင့်တင်ခြင်းပင်ဖြစ်ကြောင်း၊ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ပြီး ထူးချွန်ထက်မြက်သူများ ဖြစ်လာစေရန်၊ အသိပညာ၊ အတတ်ပညာသာမက ပြင်ပစာပေ ဗဟုသုတများ လေ့လာရမည်ဖြစ်ကြောင်းနှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ ဟောပြောပွဲအပြီး တွင် မိုင်းစဲမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား လူငယ်များ အသိပညာ ဗဟုသုတများ တိုးပွားစေရန် စာအုပ်၊စာစောင်များ ပြသခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)

––*–*–*–*–*





ဒက္ခိဏာရာမဘုရားကြီးတိုက် (၁၄)ကြိမ်မြောက် သက်တော်ရှည်ဆရာတော်ကြီးများအား ပူဇော်နန်တော့ပွဲ ကျင်းပ

မန္တလေး အောက်တိုဘာ ၂၀

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်ရှိ ဒက္ခိဏာရာမဘုရားကြီးတိုက် (၁၄)ကြိမ်မြောက် သက်တော်ရှည်ဝါတော်ရဆရာတော်ကြီးများအား ပူဇော်နန်တော့ပွဲကို အောက်တိုဘာ ၁၉ ရက်ညနေ ၄ နာရီက ဦးပွားဆုတောင်းပြည့်စေတီတော်မြတ်ဘုရားကြီး ဝင်းအတွင်းရှိ သာသနပိဋကသိမ်တော်ကြီး၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အခမ်းအနားကို သံဃာတော်များနှင့် အလှူရှင် ဒါယကာ၊ ဒါယိကာမအပေါင်းတို့က နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီးနောက် သက်တော်ရှည်ဆရာတော်ကြီးများအား ကျောင်းထိုင်ဆရာတော်၊ ခန်းနေသံဃာတော်များနှင့် တပည့် ဒါယကာ၊ ဒါယိကာမများက သြကာသကန်တော့ချိုးဖြင့် ရှိခိုးကန်တော့ကြရာ သက်တော်ရှည်ဆရာတော်ကြီးများမှ သဒ္ဓိတိယော၊ ဝိဝဒန္တန္တ အစချီသော နှစ်ဂါထာဖြင့် ဆုများ ချီးမြှင့်ပေးတော်မူသည်။

ထို့နောက် နယားကျောင်းဆရာတော် ဘဒ္ဒန္တ နန္ဒိယ(အဘိဓမ္မဟာရဋ္ဌဂုရု)က သမ္မောဒနီတနှင့် သာရဏီယကထာကို ချီးမြှင့်ပေးတော်မူပြီး ပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ပင်းသာကျောင်းဆရာတော် ဘဒ္ဒန္တဓဝန(ပရိယတ္တိသာသနဟိတ)၊ ဒီဃနိကာယဘာဏက၊ မဟာသဒ္ဓမ္မဇောတိကဓဇ)ကိုယ်စား လယ်ဝန်ကျောင်းဆရာတော် ဘဒ္ဒန္တပညာသီရိ(မဟာသဒ္ဓမ္မဇောတိကဓဇ)က ပူဇော်ပွဲနှင့်စပ်လျဉ်း၍ ဝမ်းမြောက်ကြောင်း လျှောက်ထားသည်။ ပူဇော်ပွဲဖြစ်မြောက်ရေး ဒုတိယအတွင်းရေးမှူး တိုင်းချစ်ကျောင်းဆရာတော် ဘဒ္ဒန္တကောသိယာဝုဓ(အဂ္ဂမဟာဂန္ထဝါဒကပဏ္ဍိတ)၊ တွဖက်ပါမောက္ခ၊ သုတ္တန္တပိဋကမဟာဌန၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ မန္တလေး)က ရသုံးမှန်ခြေစာရင်း ရှင်းတမ်းများကို လျှောက်ထားသည်။

ထို့နောက် သက်တော်ရှည်ဆရာတော်ကြီးများအား အလှူရှင်များဖြစ်သော ဦးပွားဘရားဂေါပကအဖွဲ့နာယက၊ ဘုရားဒါယကာဆရာကြီး ဦးတင်မောင် + ဘုရားဒါယိကာမ ဆရာမကြီး ဒေါခင်မြမြ(သူရိန်နန်းကိုယ်ပိုင်ကျောင်း)၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စား လှယ် ဦးတင်ထွန်း၊ (YMBA) မဟာအောင်မြေခရိုင်ဥက္ကဋ္ဌ ဦးသိန်းနိုင်နှင့် အဖွဲ့ဝင်များ၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းဖေ(ခ)ဦးပေါနှင့်အဖွဲ့ဝင်များ တက်ရောက်၍ လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းကြရာ သက်တော်ရှည်အောင်မြေကျောင်းဆရာတော် ဘဒ္ဒန္တဝါယမက သီလပေးရေစက်သွန်းချအပ္ပေးတော့ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆို၍ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)(၀၄၆)**

(၂၅)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် သံဃဒါနဆွမ်းတော်ကြီး လောင်းလှူပွဲ ကျင်းပမည်

မန္တလေး အောက်တိုဘာ ၂၀

မန္တလေး၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်ရှိ ရွှေကွန်ချာအုပ် မြတ်စွာဘုရား၏ (၂၅)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် သံဃဒါနဆွမ်းတော်ကြီး လောင်းလှူပွဲကို သီတင်းကျွတ်လဆန်း ၁၄ ရက်နှင့် သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)တို့တွင် ကျင်းပမည် ဖြစ်သည်။

အဆိုပါ ဗုဒ္ဓပူဇနီယပွဲတော်တွင် လှူဒါန်းမည့် လှူဖွယ်ဝတ္ထုပစ္စည်းတို့ကို သီတင်းကျွတ်လဆန်း ၁၄ ရက် ညနေပိုင်းတွင် ရွှေကွန်ချာအုပ်မြတ်စွာဘုရားပရိဂုဏ်အတွင်း၌ ကြည်ညိုဖွယ်ရာ ခင်းကျင်းမည်ဖြစ်ပြီး သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့) နံနက်ပိုင်းတွင် ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များက ပင့်သံဃာဆရာတော်အပါး ၂၀၀ တို့အား သံဃဒါနဆွမ်းတော်ကြီး လောင်းလှူကြမည်ဖြစ်ပြီး လှူဖွယ်ပစ္စည်းများကို စာရေးတံမဖောက် ဆက်ကပ်လှူဒါန်းကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်းအမျှပေးဝေကြမည်ဖြစ်ကြောင်း သိရသည်။ **(၀၅၃)**

မွေးနေ့အလှူအဖြစ် သံဃာတော်များအား ဆွမ်းဆက်ကပ်



မန္တလေး အောက်တိုဘာ ၂၀

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကြည်ကုန်းရဲတော်ကွက်သစ်ရပ်ကွက်ရှိ လှမ္မဝန်ထမ်းဦးစီးဌာန အသိအမှတ်ပြုပြည်လုံးချမ်းသာတိုင်းရင်းသားမိဘမဲ့ကလေးများစောင့်ရှောက်ရေးပရဟိတဂေဟာကျောင်းတိုက်တွင် ယမန်နေ့က အလှူရှင် မန္တလေးမြို့နေ ကိုဝင်းဌေး+မခိုင် (သမီး) မဆုလဲဝေ (၁၈)နှစ်ပြည့် မွေးနေ့ဒါနအလှူအဖြစ် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး မိဘမဲ့ကလေးငယ်များအား နေ့လယ်စာထမင်း၊ ဟင်းများဖြင့် ကျွေးမွေးလှူဒါန်းရာ ကျောင်းတိုက်ဦးစီးပဓာနနာယက သဒ္ဓမ္မဇောတိကဓဇ၊ ဘဒ္ဒန္တသုမင်္ဂလ (ဓမ္မာစရိယ B.A) ဆရာတော်က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချတရားဟောကြားချီးမြှင့်ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။**(အပေါ်ပုံ)**

အဆိုပါ ကျောင်းတိုက်ရှိ မိဘမဲ့ကလေးငယ်စုစုပေါင်း ၂၀၀ ကျော်အတွက် စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် အခြားဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အလှူရှင်များ လိုအပ်လျက်ရှိရာ လှူဒါန်းလိုသူ အလှူရှင်များအနေဖြင့် ကျောင်းတိုက်ဦးစီးပဓာနနာယက ဆရာတော်ဖုန်း ၀၉-၂၁၁၀၅၂၈ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၁)

ရာသက်ပန်ဆွမ်းပဒေသာပင် လှူဒါန်း

မန္တလေး အောက်တိုဘာ ၂၀

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းတွင် ယမန်နေ့ နံနက်က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောင်းအုပ် ဆရာတော် အဘိဓမ္မဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဘဒ္ဒန္တ ကေသဝ (ဓမ္မာစရိယ၊ B.A) က ကောင်းမှုကုသိုလ်အစုစုတို့အတွက် ရေစက်ချအနုမောဒနာတရား ဟောကြားချီးမြှင့်ပြီး မိဘများဖြစ်ကြသော ဦးဘသန်း၊ ဒေါအေးရီ၊ ဦးကျော်ဆောင်၊ ဒေါမြရီ၊ ဇနီး ဒေါစန်းစန်းဝင်းတို့အားရည်စူး၍ ဦးမျိုးခိုင်နှင့် သားသမီးမြေးတစ်စု(သုခနှစ်ဖြာဆီစက်)မန္တလေးမြို့တို့က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ငွေကျပ် သိန်း ၈၀ ၊ ဖြည့်စွက်လှူဒါန်း ငွေကျပ် သိန်း ၂၀ ၊ စုစုပေါင်း ငွေကျပ် သိန်း ၁၀၀ ကို ပေးအပ်လှူဒါန်းရာ ဥပဇ္ဈာယ်ကအဖွဲ့ တွဖက်အတွင်းရေးမှူးက လက်ခံရယူခဲ့သည်။ **(အောက်ပုံ)**

ထို့နောက် အဆိုပါအလှူရှင်မိသားစုတို့က ကျောင်းအုပ်ဆရာတော် အမှူးပြုသော ကထိက ဆရာတော်များ၊ သင်တန်းသား သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်၍ လှူဖွယ်ပစ္စည်းများ တစ်ပါးချင်းစီ လှူဒါန်းခဲ့ကြကြောင်း သိရသည်။**ဖော်လွှန်းသီ**



(၅၃)ကြိမ်မြောက် (၁၀၈)နာရီ အသံမစဲမဟာပဋ္ဌာန်းသိမ်းအောင်ပွဲနှင့် စာရေးတံမဲလှူဒါန်းပွဲ ကျင်းပ

ချောက် အောက်တိုဘာ ၂၀

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့ (၁၁) ရပ်ကွက်၊ ဗဟိုကွက်သစ်ရပ်၊ သာသနာ့ဗိမာန်တော်ရှိ မဟာသက္ကမုနိဆုတောင်းပြည့်မြတ်စွာဘုရားကြီး၏ (၅၃)ကြိမ်မြောက် (၁၀၈)နာရီ အသံမစဲမဟာပဋ္ဌာန်းသိမ်းအောင်ပွဲနှင့် စာရေးတံမဲလှူဒါန်းပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက အဆိုပါ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားဖွင့်လှစ်ပြီး တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဝင်ဆရာတော် ဘဒ္ဒန္တ တိက္ခသာရထံမ ရှုစ်ပါးသီလခံယူ



ဆောက်တည်ကာ ဆရာတော်များက မေတ္တာသုတ်တရားတော်များ ချီးမြှင့်ခဲ့သည်။ ဆက်လက်၍ မဟာဝိဓိတာရံ ဆင်ဖြူကျွန်း ကျောင်းတိုက် ဆရာတော်က ပဋ္ဌန်းသိမ်းအောင်ပွဲ အောင်ဂါထာကို ရွတ်ဖတ်ပူဇော်ခဲ့သည်။

(အပေါ်ပုံ)

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးဇော်နိုင်က သာသနာရေးရာဆိုင်ရာများ လျှောက်ထားခဲ့ပြီး သာသနာ့ဗိမာန်တော်ဂေါပက အဖွဲ့ဥက္ကဋ္ဌ ဦးပြုံးချိုက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ဆက်လက်၍ ဆရာတော်များအား ကုသိုလ်ရှင်များက လှူဒါန်းသည့် လှူဖွယ်ဝတ္ထုငွေများကို ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇေထက်အောင်တို့က ဦးဆောင်၍ မြို့ပေါ် (၁၅)ရပ်ကွက်ရှိ စေတနာရှင်ပြည်သူများက လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တကေသဝထံက အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ပြီး ပင့်သံဃာတော် ၁၅၄ ပါးအတွက် ဝတ္ထုငွေနှင့် စာရေးတံမဲ စုစုပေါင်းငွေကျပ် ၉၅၀၀၀၀၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

ကျော်မိုး(ပြန်/ဆက်)

မျက်စိလှူကြ မျက်ကြည်ရ၊ မြတ်သည်လှူဒါန်း။

မြို့နယ်အဆင့် သက်ဆိုင်သူအားလုံး ပါဝင်သော VDP စီမံကိန်း သုံးသပ်ဆွေးနွေးပွဲ ကျင်းပ

တာချီလိတ် အောက်တိုဘာ ၂၀

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ဆောင်ရွက်ရာတွင် ပိုမိုထိရောက်အောင်မြင်စေရေးနှင့် လုပ်ငန်းအတွေ့အကြုံများ ဖလှယ်နိုင်ရေးအတွက် စီမံကိန်းသုံးသပ်ဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါ ဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဖိုင်းအွမ်ခမ်းက အဖွင့်အမှာစကား ပြောကြားပြီး တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လဲလဲသင်းက VDP စီမံကိန်း သုံးသပ်ဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် ဆွေးနွေးမည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာချီလိတ်မြို့နယ်အတွင်း VDP စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ကျေးရွာ ၄၀ ရွာမှ ကော်မတီဝင်များက လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အားသာချက်၊ အားနည်းချက်များနှင့် အခက်အခဲများကို အုပ်စုအလိုက် ဆွေးနွေးဖလှယ်ခဲ့ကြရာ မြို့နယ်အဆင့် စီမံကိန်းအကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့ဝင်များက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသို့ မြို့နယ်အဆင့် စီမံကိန်းအကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် VDP စီမံကိန်းဝင် ကျေးရွာ ၄၀ ရွာမှ ကော်မတီဝင်များ တက်ရောက်ခဲ့ကြပြီး ဆွေးနွေးပွဲမှ ရရှိသည့် အတွေ့အကြုံများနှင့် သုံးသပ်ချက်များကို အခြေခံ၍ စီမံကိန်းလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စေရေး ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

ကာရံ (ကျေးလက်)

o-o-o-o-o-o-o





နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

ပုသိမ်ကြီး အောက်တိုဘာ ၂၀

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ မြို့နယ်မီးသတ်ဦးစီးဌာနသည် သစ်တောဦးစီးဌာနနှင့် ပူးပေါင်း၍ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယမန်နေ့ နံနက်ပိုင်းက ရန်ကင်းတောင်ကျေးရွာအုပ်စု၊ မိုးကောင်းဘုရားစေတီ အရှေ့ဘက် လူစည်ကားရာ နေရာများတွင် ဆောင်ရွက်ခဲ့သည်။

အဆိုပါ အသိပညာပေး လက်ကမ်းစာစောင်များတွင် မီးခိုးမြူငွေ့ ညစ်ညမ်းမှုဖြစ်ပေါ်လာရခြင်း အခြေအနေများ၊ ကျန်းမာရေးဆိုင်ရာဆိုးကျိုးများနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးများ၊ စိုက်ပျိုးရေးနှင့် စီးပွားရေးဆိုင်ရာ ဆိုးကျိုးများနှင့် မီးခိုးမြူငွေ့မဖြစ်ပေါ်စေရန် ကြိုတင်ကာကွယ်ခြင်းဆိုင်ရာ အကြောင်းအရာများ ပါဝင်သည့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို မြို့နယ်မီးသတ်ဦးစီးမှူးဦးမင်းသန့်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ တာအုပ်ဦးကျော်ဇင်နောင်နှင့် ဝန်ထမ်းများက ပြည်သူများ လက်ဝယ်အရောက် ဖြန့်ဝေဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

မဲဝတီ(ပြန်/ဆက်)

အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ အသိပညာပေးဟောပြောပွဲ ကျင်းပ

မိတ္ထီလာ အောက်တိုဘာ ၂၀

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၌ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၁၉ ရက်က ကုန်စည်ဒိုင်တွင် ကျင်းပခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် စားသုံးသူရေးရာဦးစီးဌာန ဒုတိယခရိုင်ဦးစီးမှူး ဒေါ်မြို့ရီက စားသုံးသူ၏အခွင့်ပွာယ်၊ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်း အခွံပွာယ်၊ အွန်လိုင်းစနစ် ရောင်းချသူများအနေဖြင့် မှတ်ပုံတင် လျှောက်ထားရန်အတွက် ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီမှတ်ပုံတင်လက်မှတ် SMEs မှတ်ပုံတင်လက်မှတ် များ တင်ပြရန် လိုအပ်ပြီး တစ်ဦးချင်းဖြစ်ပါက တင်ပြရန် မလိုအပ်ကြောင်း၊ ရောင်းချမည့် ဆိုင်လိပ်စာမှန်ကန်ကြောင်း ရပ်ကွက်ထောက်ခံစာနှင့် ရဲစခန်းထောက်ခံစာ၊ လိုင်စင်ဓာတ်ပုံ၊ Online Sale Owner ၏ မှတ်ပုံတင်၊ နေထိုင်ကြောင်း လိပ်စာမှန်ကန်ကြောင်း၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ Online Sale Logo များ ပြင်ဆင်ထားရန် လိုအပ်ကြောင်း၊ Online Sale လျှောက်ထားရာတွင် email(သို့ မဟုတ်) Mobile Phone Number ဖြင့် Sing Up (Register) ပြုလုပ်၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အွန်လိုင်းစနစ်ဖြင့် မှတ်ပုံတင် နိုင်ကြောင်းနှင့် www. e Com reg. gov.mmမှတစ်ဆင့် မှတ်ပုံတင်လျှောက်ထားနိုင်ကြောင်း၊ Online Shopping မှတ်ပုံတင် လျှောက်ထားခြင်းမရှိဘဲ Online မှ ရောင်းဝယ်မှုများ ပြုလုပ်ကြောင်း တွေ့ရှိပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း သိရသည်။



(အပေါ်ပုံ)

(၄၆၉)

o-o-o-o-o-o-o

လျှပ်စစ်သုံးလျှင် သတိယူဥ်
ဝန်အားမမျှ မသုံးရ။

အယ်လ်နီညို ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

သရက် အောက်တိုဘာ ၂၀

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် အယ်လ်နီညို ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များအား အောက်တိုဘာ ၁၈ ရက် နံနက် ၇ နာရီက စည်ပင်သာယာဈေးကြီး အတွင်း၊ အပြင်များနှင့် လမ်းသွား၊ လမ်းလာများကို ဖြန့်ဝေမှု ဆောင်ရွက်ခဲ့သည်။

အဆိုပါ အသိပညာပေး လက်ကမ်းစာစောင်များကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်းပြီး အယ်လ်နီညို အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြသည်။

အသိပညာပေးလက်ကမ်းစာစောင်တွင် အယ်လ်နီညိုဆိုင်ရာ ကြိုတင်ကာကွယ်ရေးနှင့် ဆောင်ရန်၊ ရှောင်ရန်များ၊ သတိပြုနေထိုင်ရမည့် အချက်များ ပါဝင်ကြောင်း သိရသည်။

(ဝဲပုံ)

မောင်လှလင်(သရက်)

o-o-o-o-o-o-o

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး စစ်ဆေးခြင်းများ ဆောင်ရွက်

မန္တလေး အောက်တိုဘာ ၂၀

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ ၁၈ လမ်းနှင့် ၁၉ လမ်းကြား၊ ၆၃လမ်းနှင့် ၆၄လမ်းကြားရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ နန်းတော်ရှေ့ဈေးနှင့် သီရိမာလာအနောက်ရပ်ကွက်၊ လမ်း ၉၀၊ ၂၂ လမ်းနှင့် ၂၃ လမ်းကြားရှိ ယောမင်းကြီးအခွန်ကွပ်ဈေးအတွင်းတို့တွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးဆောင်ကာ ဈေးသူ၊ ဈေးသားများနှင့် ဈေးဝယ်ပြည်သူများအနေဖြင့် မီးလောင်၊ မီးလန့်မှုဖြစ်ပေါ်လာပါက အသိ၊ သတိရှိစေရန် ရပ်ကွက်၊ လမ်း ၉၀၊ ၂၂ လမ်းနှင့် ၂၃ လမ်းကြားရှိ ယောမင်းကြီးအခွန်ကွပ်ဈေးအတွင်းတို့တွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဇော်မိုးထက်နှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦး၊ မြို့နယ်အရန်မီးသတ်တပ်ခွဲ(၄) အရန်မီးသတ်တပ်ခွဲမှူး ကျော်ဝင်းနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ငါးဦး၊ မြို့နယ်လျှပ်စစ် SAE ဦးအေးကို မျိုးနှင့် အဖွဲ့ဝင်များ၊ ဒေါနဘွား ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးရဲညွှန့်အောင်နှင့် ရာအိမ်မှူးများ၊ သီရိမာလာအနောက်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်သူနှင့် ရာအိမ်မှူးများ၊ နန်းတော်ရှေ့ဈေး အကျိုးတော်ဆောင် ဦးစိုးဦး၊ ဈေးတာဝန်ခံ ဦးအောင်သူမြင့်၊ ယောမင်းကြီး အခွန်ကွပ်ဈေးတာဝန်ခံ ဦးဇော်ကိုကိုဦးတို့ ပူးပေါင်းအဖွဲ့သည် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ ဆောင်ရွက်မှုကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဇော်မိုးထက်နှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦး၊ မြို့နယ်အရန်မီးသတ်တပ်ခွဲ(၄) အရန်မီးသတ်တပ်ခွဲမှူး ကျော်ဝင်းနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ငါးဦး၊ မြို့နယ်လျှပ်စစ် SAE ဦးအေးကိုမျိုးနှင့် အဖွဲ့ဝင်များ၊ ဒေါနဘွား ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးရဲညွှန့်အောင်နှင့် ရာအိမ်မှူးများ၊ သီရိမာလာအနောက်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်သူနှင့် ရာအိမ်မှူးများ၊ နန်းတော်ရှေ့ဈေး အကျိုးတော်ဆောင် ဦးစိုးဦး၊ ဈေးတာဝန်ခံ ဦးအောင်သူမြင့်၊ ယောမင်းကြီး အခွန်ကွပ်ဈေးတာဝန်ခံ ဦးဇော်ကိုကိုဦးတို့ ပူးပေါင်းအဖွဲ့သည် ဈေးသည်များအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်း၊ မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ မီးဘေးလုံခြုံရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ဈေးသူ၊ ဈေးသားများအား 191 Report အသုံးပြုနည်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အောက်ဝဲပုံ)

အောင်ပိုင်ဟိန်း







လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း ဖွင့်လှစ်သင်ကြားပေး

လားရှိုး အောက်တိုဘာ ၂၀

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့တွင် ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကျေးလက်နေပြည်သူများ ဝင်ငွေတိုးပွားလာစေရေး၊ အသေးစား စက်မှုလက်မှုလုပ်ငန်းများ ပေါ်ထွက်လာစေရန်နှင့် သွင်းကုန်အစား ထိုး လူသုံးကုန်ပစ္စည်းများ တစ်ပိုင်တစ်နိုင်ထုတ်လုပ်၍ ဈေးကွက်အတွင်း ထိုးဖောက်ရောင်းချနိုင်စေရေး ရည်ရွယ်ဖွင့်လှစ်သည့် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၁၉ ရက်က ခရိုင်လူထုအခြေပြုဗဟိုဌာန Community Centre ရှိ ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲ၌ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်ထွန်းဦးက အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများ လက်ဝယ်သို့ သင်ထောက်ကူပစ္စည်းများနှင့် ကုန်ကြမ်းပစ္စည်းများ ပေးအပ်ခဲ့သည်။

အဆိုပါ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းကို အောက်တိုဘာ ၁၉ ရက်မှ ၂၃ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချရာ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၂၀ ဦး တက်ရောက်သင်ကြားလျက်ရှိသည်။

ထို့အပြင် သင်တန်းပြီးဆုံးပါက လုပ်ငန်းများထူထောင် လုပ်ကိုင်လိုသည့် သင်တန်းသား၊ သင်တန်းသူ သုံးဦးကို စီစစ်ရွေးချယ်၍ ကိုယ်ပိုင်လုပ်ငန်း ထူထောင်နိုင်ရန်အတွက် လုပ်ငန်းသုံးပစ္စည်းများ ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သိရသည်။ **(အေပါဝဲပုံ)**

လူမော်(ပြန်/ဆက်)

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ဧရိတ်ဧကအားလုံး သိမ်းဆည်းပြီးစီးပြီဖြစ်

ပွင့်ဖြူ အောက်တိုဘာ ၂၀

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ဧရိတ်သီးနှံဧကအားလုံး ရာနှုန်းပြည့် ခူးဆွတ်သိမ်းဆည်းပြီးဖြစ်သည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဧရိတ်စို ၅၆၁ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါ စိုက်ပျိုးထားသော ဧရိတ်စိုက်ခင်းများကို စက်တင်ဘာလ ပထမပတ်မှ စတင်သိမ်းဆည်းခဲ့ရာ ယနေ့တွင် ဧကအားလုံးကို ရာနှုန်းပြည့် ဆွတ်ခူးသိမ်းဆည်းပြီး ဖြစ်သည်။

တစ်ဧကကို ၇၂၅ ပိသာ နှုန်းထွက်ရှိပါတယ်။ ဧရိတ်စိုက်ပျိုးတာနဲ့ ပတ်သက်ပြီး အထွက်နှုန်းကောင်းမွန်စေဖို့၊ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ ဧရိတ်သီးနှံများ ထွက်ရှိစေဖို့၊ အချိန်မီဆွတ်ခူး သိမ်းဆည်းနိုင်စေဖို့စတဲ့ စိုက်ပျိုးရေးအသိပညာပေးတာတွေ ကွင်းဆင်းဆောင်ရွက်ခဲ့ပါတယ်' ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများကို စားဖို့ဆောင်သီးနှံများ စိုက်ပျိုးရာတွင် စားသုံးသူပြည်သူများ အစားအစာဘေးကင်းလုံခြုံစေရန်နှင့် အရည်အသွေးကောင်းမွန်သော သီးနှံများ ရရှိစေရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနက GAP စိုက်ပျိုးရေးနည်းစနစ်များ၊ မြေဩဇာနှင့် သွင်းအားစုများ စနစ်တကျသုံးစွဲနည်းပညာများ ၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေးနှင့် အရှိန်မီ သီးနှံရိတ်သိမ်းနည်းစနစ်များကို ကွင်းဆင်းအသိပညာပေးခဲ့သဖြင့် ဧရိတ်သီးနှံစိုက်ခင်းများမှာ အောင်မြင်ဖြစ်ထွန်းမှုရှိပြီး ယခင်နှစ်ကထက် အထွက်နှုန်းများ ပိုမိုကောင်းမွန်ခဲ့သည်။



ဧရိတ်ကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုကို ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်၍ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာစေမည်ဖြစ်သောကြောင့် ဧရိတ်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

(ဝဲပုံ)

(၄၄၅)

ဈေးမီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးဆောင်ရွက်

မြစ်သား အောက်တိုဘာ ၂၀

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးဆောင်၍ အယ်လ်နီညိုကာလတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ ဈေးမီးလောင်မီးလန့်မှုများ မဖြစ်ပွားစေရေး၊ ဈေးရောင်းသူ၊ ဈေးဝယ်သူများ မီးဘေးလုံခြုံမှုရှိစေရေးနှင့် မီးဘေးအန္တရာယ် ကြုံတွေ့လာပါက လက်တွေ့လုပ်ဆောင်နိုင်စေရန်ရည်ရွယ်၍ မြစ်သား မြို့မဈေးနှင့် ကူမဲမြို့စည်ပင်သာယာဈေးတို့၌ မီးဘေးလုံခြုံရေးကို ယမန်နေ့ မွန်းလွဲပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ရှေးဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်မင်းကျော် ဦးဆောင်၍ သန္ဓေတပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက အယ်လ်နီညိုကာလတွင် မီးဘေးလုံခြုံရေး ကြိုတင်ကာကွယ်နိုင်စေရန်အတွက် ဈေးအကျိုးတော်ဆောင်များနှင့်ဈေးသူ၊ ဈေးသားများအား မီးသတ်ဆေးဘူးအသုံးပြုနည်းများအား ရှင်းလင်းပြသခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ (ခေတ္တ) အမှုဆောင်အရာရှိ ဦးအောင်ပြည့်နှင့်ဝန်ထမ်းများ၊ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးညီညီထွန်း၊ ကူမဲမြို့အုပ်ချုပ်ရေးမှူး ဦးနိုင်ဇော်၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် သန္ဓေတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းကာ ဈေးအတွင်းရှိ ဈေးဆိုင်ခန်းများအား မီးဘေးလုံခြုံ ရေးစစ်ဆေးခြင်း၊ မီးငြိမ်းသတ်ရန် ရေရရှိရေးဆောင်ရွက်ထားရှိမှုများ၊ မီးသတ်ယာဉ်ဝင်၊ ထွက်လမ်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးခြင်း၊ လျှပ်စစ်မီးအသုံးပြုမှုများနှင့် မီးဖိုမီးအသုံးပြုမှုများအား ကြည့်ရှုစစ်ဆေးအကြံပြုခြင်းများအား ဈေးမီးဘေးလုံခြုံရေးအတွက် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။



(ဝဲပုံ)

ဝါဝါမြင့်(မြစ်သား)

သီးနှံအခြေခံတန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းမှ လုပ်ငန်းထူထောင်သူများအား လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်

မိတ္ထီလာ အောက်တိုဘာ ၂၀

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၌ သီးနှံအခြေခံတန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းမှ လုပ်ငန်းထူထောင်သူများအား လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း(မိတ္ထီလာ)တွင် ကျင်းပခဲ့သည်။

အဆိုပါ ပေးအပ်ပွဲတွင် ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း(မိတ္ထီလာ)မှ ကျောင်းအုပ် ဒေါ်ဖြူဖြူမြင့်က ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေး စီမံကိန်းဖြင့် ညောင်မြင့်ကျေးရွာတွင် ဖွင့်လှစ်ခဲ့သည့် မန်ကျည်း၊ ဆီး၊ ငရုတ်သီးနှံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန် ထုတ်လုပ်မှုနည်း ပညာသင်တန်းမှ လုပ်ငန်းတူသူများအား လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ခြင်းဖြစ်ကြောင်း ရှင်းလင်း ပြောကြားခဲ့ပြီး မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်ဝါဝါနွယ်နှင့် တာဝန်ရှိသူများက လုပ်ငန်းထူထောင်သူများအား လုပ်ငန်းသုံးပစ္စည်းများ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ကျောင်းအုပ် ဒေါ်ဖြူဖြူမြင့်က သင်တန်းဆင်းလက်မှတ်များအား သင်တန်းသား၊ သင်တန်းသူများအား ပေးအပ်ခဲ့ရာ သင်တန်းသူ တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး သင်တန်းမှ ထုတ်လုပ်ထားသော လူသုံးကုန်ပစ္စည်းများအား မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်ဝါဝါနွယ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ) (၄၆၉)



လျှပ်စစ်အန္တရာယ်မဖြစ်ပွားစေရန် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် အသိပညာပေးခြင်းများ ဆောင်ရွက်

သာစည် အောက်တိုဘာ ၂၀

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်လျှပ်စစ်မန်နေဂျာရုံးက အယ်လ်နီညိုသဘာဝဘေးအကျိုးသက်ရောက်မှုများကြောင့် လျှပ်စစ်အန္တရာယ်မဖြစ်ပွားစေရန် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် အသိပညာပေးခြင်းများကို အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းက မြို့မစည်ပင်သာယာဈေးကြီး၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်လျှပ်စစ်မန်နေဂျာ ဒေါ်အိသိမ့်သိမ့်ထွေး၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမြင့်မော်နှင့် ဝန်ထမ်းများက ဈေးသည်၊ ဈေးဝယ်များအား အယ်လ်နီညိုကြောင့် အပူချိန်များ မြင့်တက်လာချိန်တွင် အဲယားကွန်းကဲ့သို့ လေအေးပေးစက်များ အသုံးပြုမှုများလာပြီး လျှပ်စစ်အန္တရာယ်များ မဖြစ်ပွားစေရန် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးလက်ကမ်းစာစောင် ၁၅၀ ဖြန့်ဝေပြီး အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(၄၈၇)

သစ်ပင် ခိုက်ပါ တို့ကမ္ဘာ သာယာ လှပ စိမ်းမြမြ

ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၁၃)၊ ဦးပိုင်အမှတ်(၅၁)၊ လမ်း၅၀နှင့် ၅၁လမ်းကြား၊ ၁၁၇ လမ်းနှင့် ၁၁၈လမ်းကြားရှိ တောဂရန် မြေကွက် အမည်ပေါက်သူ ဦးမျိုးမြင့်(၉/မနတ(နိုင်)၀၂၁၄၃၂)က တောဂရန်စာချုပ်နှင့်အတူ အမူတွဲအမှတ်(၃၀၂၆/၂၀၂၆-၂၀၂၇)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

ပြင်ဆင်မတ်ရှုပါရန်

(၁၈-၉-၂၀၂၆) မန္တလေးနေ့စဉ်သတင်းစာ စာမျက်နှာ-၂၂ တွင် အကွက်(၀-၁၀)၊ ဦးပိုင်(၅၈) ကြော်ငြာစာတွင် အကွက်(၀-၁၀)၊ ဦးပိုင် ၅၈-ခဲစင်း တောင်ခြမ်း၊ မြောက်ခြမ်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

မြေပုံ/မြေရာဇဝင်ရေးကူးခွင့်

ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

စဉ်	လျှောက်ထားသူ	လျှောက်ထားသည့်မြေ					လျှောက်ထားသည့်အကြောင်းအရာ
	အမည်/မှတ်ပုံတင်	လိပ်စာ	မြေအမည်ပေါက်	မြို့နယ်	အကွက်	ဦးပိုင်	
၁။	ဦးဝင်းထွန်းဦး(၁၂/မဂဒ(နိုင်)၀၁၆၃၅၄)၊ ဒေါ်ဥမ္မာလွင်(၉/မရတ(နိုင်)၀၁၁၅၅၄)၊ ဒေါ်ဝင်းယုလွင်(၉/မရတ(နိုင်)၀၁၁၅၅၅)၊ဒေါ်ဝင်းမာလွင်(၉/မရတ(နိုင်)၀၀၀၀၂၁)၊ ဦးမင်းသန်ဇင်(၉/မရတ(နိုင်)၀၀၀၀၂၂)၊ ဦးကျော်ကျော်ထွန်း(၉/မရတ(နိုင်)၁၁၂၇၅၉)၊ ဒေါ်ဌေသိရီဦး(၉/မဟန(နိုင်)၀၅၂၆၅၅)၊ ဦးသန်ဇင်ထွန်း(၇/ရကန(နိုင်)၁၀၁၅၅၆)၊ ဦးမင်းမြည့်စုံ(၁၂/ဝဟန(နိုင်)၁၁၀၀၁၇)	၃၉လမ်းနှင့် လမ်း၀ဝကြား၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ မဟာနွယ်စဉ်	ဦးချန်ထွန်း	မဟာအောင်မြေ	၆၉၃	၈-၈	အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်
၂။	ဒေါ်ဝင်ထားကြွေ(၉/မနတ(နိုင်)၀၄၁၁၇၄)	၆၆လမ်းနှင့် ၆၇လမ်းကြား၊ ၁၁၀လမ်းနှင့် ၁၁၂လမ်းကြား၊ မြို့သစ်(၅)	ဦးတင့်ဆွေ	ချမ်းမြသာစည်	၁-၅	၃၄	အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်
၃။	ဦးဝင်မောင်ဝင်း (၉/မရမ(ဧည်)၀၀၀၀၆၆)၊ ဒေါ်ဝင်အေးဝင်း(၁)မေမြရင်(၅/မရန(နိုင်)၀၀၁၄၄၉၉)၊ ဦးဝင်မောင်တင် (၉/မရမ(ဧည်)၀၀၀၃၆၂)	၃၁လမ်း၊ ၈၂လမ်းနှင့် ၈၃လမ်းကြား၊ အောင်နန်းရိပ်သာအရှေ့	ဦးဝင်မောင်ဝင်း(ပါ-၃)	ချမ်းအေးသာစံ	၅၀၀	၆၂	အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်
၄။	ဒေါ်ကြည်ကြည်ဝင်း(၉/မမန(နိုင်)၀၀၀၀၃၁)၊ ဦးထွန်းလင်းအောင် (၉/မမန(နိုင်)၀၀၀၈၇၅)	၆၅လမ်းနှင့် ၆၆လမ်းကြား၊ ၄၁လမ်းနှင့် ၄၂လမ်းကြား၊ မဟာမြိုင်(၁)	ဒေါ်လှကြည်	မဟာအောင်မြေ	၈-၄	၅၈	အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်
၅။	ဦးဝင်မောင်ဝင်း(၉/မနတ(နိုင်)၀၂၃၉၉၃)၊ ဒေါ်သန်းသန်းငွေး(၉/မရတ(နိုင်)၀၅၃၂၁၂)၊ ဦးမြင့်မိုး (၉/မရတ(နိုင်)၀၅၃၂၆၁)၊ ဒေါ်မြင့်မြင့်ဝင်း(၉/မရတ(နိုင်)၀၅၃၂၆၄)၊ ဒေါ်ဝင်အေးဝင်း(၉/မရတ(နိုင်)၀၅၃၂၆၅)၊ ဒေါ်နီနီမော်(၉/မရတ(နိုင်)၀၅၃၁၇၂)၊ ဒေါ်နီနီထွေး(၉/မရတ(နိုင်)၀၅၃၁၇၃)၊ဦးကျော်ကျော်သောင်း(၉/မဟန(နိုင်)၀၁၅၆၆၀)	၃၁လမ်းနှင့် ၆၆လမ်းကြား၊ ၃၁လမ်းနှင့် ၄၂လမ်းကြား၊ မဟာမြိုင်(၁)	ဒေါ်လှကြည်	မဟာအောင်မြေ	၈-၄	၅၈	အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်
၆။	ဦးမောင်မောင်(၉/မရတ(နိုင်)၀၀၆၀၀၃)	၃၉လမ်းနှင့် ၆၀လမ်းကြား၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ မဟာနွယ်စဉ်	ဒေါ်စိန်ညွှန့်	မဟာအောင်မြေ	၆၉၃	၉-ခဲစင်းအရှေ့ခြမ်း	ခဲစင်းပြအမွေဆက်ခံစာချုပ် ချုပ်ဆိုရန်
၇။	ဒေါ်အောင်ကြည်ဝင်း(၅/ငဇန(နိုင်)၀၄၁၀၃၁)	၁၀၃လမ်းနှင့် ၁၀၄လမ်းကြား၊ ၅၁လမ်းနှင့် ၅၂လမ်းကြား၊ အောင်ပင်လယ်	ဦးရင်ဝမောင်	ချမ်းမြသာစည်	၁၃	၁၆-၁+၁၅-၁	အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်
၈။	ဦးကျော်ကျော်လွင်(၉/မရမ(နိုင်)၀၂၉၇၃၉)၊ ဒေါ်တင်မေစော(၉/မရမ(နိုင်)၀၂၁၄၆၅)၊ ဒေါ်သီတာဦး(၉/မရတ(နိုင်)၀၀၆၄၀၅)	၆၉လမ်းနှင့် လမ်း၇၀ကြား၊ ၁၁၂လမ်းနှင့် ၁၁၃လမ်းကြား၊ (၈)	ဦးစော	မြည်ကြီးတံခွန်	၆၁-၅	၅	အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်
၉။	ဦးကျော်ကျော်လွင်(၉/မရမ(နိုင်)၀၂၉၇၃၉)၊ ဒေါ်တင်မေစော(၉/မရမ(နိုင်)၀၂၁၄၆၅)၊ ဒေါ်သီတာဦး(၉/မရတ(နိုင်)၀၀၆၄၀၅)	၆၉လမ်းနှင့် လမ်း၇၀ကြား၊ ၁၁၂လမ်းနှင့် ၁၁၃လမ်းကြား၊ (၈)	ဦးစော	မြည်ကြီးတံခွန်	၆၁-၅	၆	အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ဂရန်မြေကြော်ငြာစာ

ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

စဉ်	လျှောက်ထားသူ	လျှောက်ထားသည့်မြေ					လျှောက်ထားသည့် အကြောင်းအရာ	အမူတွဲအမှတ်
	အမည်/မှတ်ပုံတင်	လိပ်စာ	မြေအမည်ပေါက်	မြို့နယ်	အကွက်	ဦးပိုင်		
၁။	ဒေါ်မေမျိန်(၅/ကလတ(ဧည်)၀၀၀၁၈၀)၊ ဒေါ်ရိရိဝင်း(၅/ကလတ(ဧည်)၀၀၀၁၃၀)	၁၆လမ်း၊ ၈၆လမ်းနှင့် ၀၇လမ်းကြား၊ မြည်ကြီးဂူးနံလုံ	ဒေါ်အောကြည်(ပါ-၂)	အောင်မြေသာစံ	၆၃	၅၁-၁	သက်တမ်းတိုး၊ အည်ပြောင်း၊ ခွဲကွန်	၃၀၃၁/၂၀၂၆-၂၀၂၇
၂။	ဒေါ်လှလေး(၉/မရမ(နိုင်)၀၁၇၃၅၂)၊ ဒေါ်တင်အေး(၉/မရမ(နိုင်)၀၁၆၉၇၀)၊ ဒေါ်တင်ငွေး(၉/မရမ(နိုင်)၀၁၆၉၇၂)၊ ဦးတင်ထွန်း(၉/မရမ(နိုင်)၀၁၆၉၇၁)	၈၅(F)လမ်း၊ ၃၃လမ်းနှင့် ၃၄လမ်းကြား၊ အောင်နန်းရိပ်သာအနောက်	ဦးတင်(ပါ-၂)	ချမ်းအေးသာစံ	၅၆၂	၈၁-၈၂	သက်တမ်းတိုး၊ အမည်ပြောင်း	၃၀၃၈/၂၀၂၆-၂၀၂၇
၃။	ဒေါ်သင်သင်(၁၃/ကဒန(နိုင်)၀၂၁၀၅၅)	၃၇လမ်း၊ ၆၃လမ်းနှင့် ၆၄လမ်းကြား၊ မဟာမြိုင်(၂)	ဒေါ်သင်သင်	မဟာအောင်မြေ	၃-၃	၄	သက်တမ်းတိုး	၃၀၂၄/၂၀၂၆-၂၀၂၇
၄။	ဒေါ်သင်သင်(၁၃/ကဒန(နိုင်)၀၂၁၀၅၅)	၃၇လမ်း၊ ၆၃လမ်းနှင့် ၆၄လမ်းကြား၊ မဟာမြိုင်(၂)	ဒေါ်သင်သင်	မဟာအောင်မြေ	၃-၃	၅	သက်တမ်းတိုး	၃၀၂၅/၂၀၂၆-၂၀၂၇
၅။	ဒေါ်နန်းဆိုင်လင်း(၁၃/နဒန(နိုင်)၀၇၀၅၆၁)	၃၉လမ်းနှင့် လမ်း၀၀ကြား၊ ၆၇လမ်းနှင့် ၆၈လမ်းကြား၊ မဟာမြိုင်(၁)	ဒေါ်ယုထူည	မဟာအောင်မြေ	အပိုင်း-၅+၈	၄၁	အမည်ပြောင်း	၃၀၂၃/၂၀၂၆-၂၀၂၇
၆။	ဦးအောင်စိုးမိုး(၉/မနတ(နိုင်)၀၀၀၇၀၄)	၃၇လမ်းနှင့် မဟာမြိုင်ကျောင်းတိုက်ကြား၊ ၆၆လမ်းနှင့် ၆၈လမ်းကြား၊ မဟာမြိုင်(၁)	ဒေါ်သွယ်သွယ်ဝိုင်	မဟာအောင်မြေ	အပိုင်း-၅-၁	၁၀၄-၈	အမည်ပြောင်း	၃၀၃၇/၂၀၂၆-၂၀၂၇
၇။	ဒေါ်လီဟွေလန် (၁၃/လရန(နိုင်)၁၁၇၂၄၅)	၅၅လမ်း၊ ၃၉လမ်းနှင့် လမ်း၃၀ကြား၊ ဂွဲမွန်တောင်	ဦးလီခိုန်ခွမ်း(၁)မြင့်ငွေး(ပါ-၂)	မဟာအောင်မြေ	၈-၀၉	၂၅	သက်တမ်းတိုး၊ အမည်ပြောင်း	၃၀၄၃/၂၀၂၆-၂၀၂၇
၈။	ဒေါ်တင်သန်း(၉/မနမ(နိုင်)၀၅၄၆၉၅)	၅၂လမ်း၊ ၁၀၀လမ်းနှင့် ၁၀၃လမ်းကြား၊ မြို့သစ်(၂)	ဒေါ်တင်သန်း	ချမ်းမြသာစည်	၁၈-၅	၉၃-၁၈၄	ဦးပိုင်ခွဲ	၃၀၂၇/၂၀၂၆-၂၀၂၇
၉။	ဒေါ်ရိရိဝင်း(၉/မကန(နိုင်)၀၁၅၀၄၅)	၀၉လမ်း၊ ၁၀၆လမ်းနှင့် ၁၀၇လမ်းကြား၊ မြည့်နန္ဒာ	ဒေါ်ရိရိဝင်း	ချမ်းမြသာစည်	၆၈-၉	၁၂	သက်တမ်းတိုး၊ အမည်ပြောင်း	၃၀၃၆/၂၀၂၆-၂၀၂၇
၁၀။	ဦးရန်တင်ဆွန်း(၁/မညန(နိုင်)၀၀၃၅၃၅)	၁၁၂လမ်း၊ ၄၆လမ်းနှင့် ၄၇လမ်းကြား၊ ထွန်ဝံတံ့	ဦးမြင့်တက္ကိ	ချမ်းမြသာစည်	၀၀-၃	၁၂၉	အမည်ပြောင်း	၃၀၂၉/၂၀၂၆-၂၀၂၇
၁၁။	ဦးမျိုးမြင့် (၉/မနတ(နိုင်)၀၂၁၄၃၂)	လမ်း၅၀နှင့် ၅၁လမ်းကြား၊ ၁၀၃လမ်းနှင့် ၁၀၄လမ်းကြား၊ မြည့်နန္ဒာ	ဦးမျိုးမြင့်	ချမ်းမြသာစည်	၆၈-၁၃	၅၁	တောမှမြို့ပြောင်း၊ သက်တမ်းတိုး	၃၀၂၆/၂၀၂၆-၂၀၂၇
၁၂။	ဦးစန်းယု (၁၃/နဒန(နိုင်)၀၅၀၅၅၈)	၄၆လမ်းနှင့်၄၇လမ်းကြား၊ ၁၀၆လမ်းနှင့်၁၀၈လမ်းကြား၊ အောင်ပင်လယ်	ဦးမောင်မောင်	ချမ်းမြသာစည်	၃၁၁-၁၃	၂၆	ဧကာမမြို့ပြခြင်း၊ သက်တမ်းတိုး၊ အည်ပြင်း	၃၀၂၀/၂၀၂၆-၂၀၂၇
၁၃။	ဒေါ်ဟွမ်ရွှင်းတွေ့(၁၃)ဝ်ဒဝ်မြင့် (၁၃/ကဒန(နိုင်)၀၁၉၀၃၇)	၅၀လမ်း၊ ၁၀၃လမ်းနှင့် ၁၀၄လမ်းကြား၊ ကံသာယာ	ဦးညွှန့်ဇွေ	ချမ်းမြသာစည်	၀၈-၃	၄၉	ဧကာမမြို့ပြခြင်း၊ သက်တမ်းတိုး၊ အည်ပြောင်း	၃၀၂၄/၂၀၂၆-၂၀၂၇
၁၄။	ဒေါ်ဇိုးသူစံ (၅/ကဒန(နိုင်)၀၅၉၉၁၅)	၅၉လမ်းနှင့် လမ်း၆၀ကြား၊ ၁၀၃လမ်းနှင့် ၁၀၄လမ်းကြား၊ ကံသာယာ	ဦးတင်ခိုင်	ချမ်းမြသာစည်	၀-၁	၄၈-ခဲစင်း	ဧကာမမြို့ပြခြင်း၊သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း	၃၀၃၀/၂၀၂၆-၂၀၂၇
၁၅။	ဦးကျော်မင်းလွင်(၁/ဝမန(နိုင်)၀၀၀၀၂၉)	၇၂လမ်းနှင့် ၇၃လမ်းကြား၊ ၁၀၃လမ်းနှင့် ၁၀၈လမ်းကြား၊ (၈)	ဦးကျော်မင်းလွင်	မြည်ကြီးတံခွန်	၉-၁	၃၇	သက်တမ်းတိုး	၃၀၃၅/၂၀၂၆-၂၀၂၇
၁၆။	ဦးအေးကို (၉/မနမ(နိုင်)၀၂၉၇၄၀)	၆၂လမ်းနှင့် ၆၃လမ်းကြား၊ ၁၂၄လမ်းနှင့် ၁၂၅လမ်းကြား၊ (၀)	ဦးအေးကို	မြည်ကြီးတံခွန်	၀၀-၁	၁၀	သက်တမ်းတိုး	၃၀၃၉/၂၀၂၆-၂၀၂၇
၁၇။	ဦးအေးကို (၉/မနမ(နိုင်)၀၂၉၇၄၀)	၆၂လမ်းနှင့် ၆၃လမ်းကြား၊ ၁၂၄လမ်းနှင့် ၁၂၅လမ်းကြား၊ (၀)	ဦးအေးကို	မြည်ကြီးတံခွန်	၀၀-၁	၁၉	သက်တမ်းတိုး	၃၀၄၀/၂၀၂၆-၂၀၂၇
၁၈။	ဦးကော်ရှင်လိန်(၁)ကော်ရှူလိန်(၁၃/လရန(နိုင်)၀၅၀၁၂၉)	၆၀(ဘီ)လမ်းနှင့် ၆၁လမ်းကြား၊ ၁၁၃လမ်းနှင့် ၁၁၅လမ်းကြား၊ (၅၂)	ဦးကော်ရှင်လိန်(၁)ကော်ရှူးလိန်	မြည်ကြီးတံခွန်	၀၀-၁၁	၂၇	သက်တမ်းတိုး	၃၀၄၂/၂၀၂၆-၂၀၂၇
၁၉။	ဦးညွှန့်လင်း(၅/ဝလန(နိုင်)၀၆၃၀၇၀)၊ ဒေါ်စန်းစန်းအေး(၉/မနတ(နိုင်)၀၀၆၅၀၆)	၅၂လမ်းနှင့် ၅၃လမ်းကြား၊ ၁၂လမ်းနှင့် ၁၂၁လမ်းကြား၊ သင်းပန်းကုန်း	ဒေါ်ရင်ပေ	မြည်ကြီးတံခွန်	ညည-၄၉	၃၅	သက်တမ်းတိုး၊ အမည်ပြောင်း	၃၀၃၃/၂၀၂၆-၂၀၂၇
၂၀။	ဦးမြင့်စိုးဝင်း (၀/ဘန(နိုင်)၀၄၁၂၀၇)	၆၃လမ်းနှင့် ၆၅လမ်းကြား၊ ၁၃၉လမ်းနှင့် ၁၄၀လမ်းကြား၊ (၁၁)	ဦးဝင်မောင်လွင်	မြည်ကြီးတံခွန်	လလ-၄	၄၃	သက်တမ်းတိုး၊ အည်ပြောင်း	၃၀၃၄/၂၀၂၆-၂၀၂၇
၂၁။	ဒေါ်စန်းသကြိန်(၉/ဘမ(နိုင်)၀၄၁၉၇၀)	၆၀လမ်းနှင့် ၆၉လမ်းကြား၊ ၁၁၇လမ်းနှင့် ၁၁၈လမ်းကြား၊ (၀)	ဦးမောင်ပွား	မြည်ကြီးတံခွန်	၄-၅	၄၂	အမည်ပြောင်း	၃၀၃၁/၂၀၂၆-၂၀၂၇
၂၂။	ဦးဇာအောင်(၉/ပထလ(နိုင်)၀၅၉၆၃၁)	၆၁လမ်းနှင့် ၆၂လမ်းကြား၊ ၁၂လမ်းနှင့် ၁၂၂လမ်းကြား၊ (၈)	ဦးဇာအောင်	မြည်ကြီးတံခွန်	ညည-၀	၅၉	တောမှမြို့ပြောင်း၊ သက်တမ်းတိုး	၃၀၃၂/၂၀၂၆-၂၀၂၇

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ ၇၃လမ်း၊ ၁၀၂အောလမ်းနှင့် ၁၀၅လမ်းကြား၊ မင်္ဂလာ-မန္တလေးကွန်ဒို၊ (Tower-B)၊ ၁၁ လွှာ၊ အခန်းအမှတ်(၈)၊ အိပ်ခန်း(၃)ခန်းပါ (၁၇၂၂) စတုရန်းပေ ကျယ်ဝန်းသော ကွန်ဒိုတိုက်ခန်း၏ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုဿ ရောင်းချသူဖြစ်သော ဦးဇေယျာမောင်(ဘ) ဦးဝင်းမြင့်(၉/မခန(နိုင်)၁၉၆၃၇၅)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-

ဒေါ်တင်နီလာဝင်း

တရားလွှတ်တော်ရှေ့နေ

ဦးကျော်လှိုင်ဝင်း ဒေါ်စီစီခိန် ဒေါ်လဲ့လဲ့နွယ် ဒေါ်မိမိကျော်

(တရားလွှတ်တော်ရှေ့နေများ)

အကွက်(ယ-၆ / ၂၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁လမ်းကြား၊

(က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။

ဖုန်း ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၂၃၃၊ ၀၉-၇၅၀၇၅၀၀၇၄

အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၈၄)၊ ဦးပိုင်အမှတ်(၇၁+၈၄)၊ ဧရိယာ(၀ ဒသမ ၀၅၅၁+ ၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးကျော်ရင်၊ ဦးစိုင်းကျော်သန်း အမည်ပေါက် ဂနန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိဂနန်အမည်ပေါက် ပိုင်ဆိုင်ထားသူများဖြစ်ကြ၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူများဖြစ်သော ဦးကျော်ရင်(ဘ)ဦးစိုက်လိုင်(၁၃/တယန(နိုင်)၀၂၁၉၁၇)ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-

ဒေါ်တင်နီလာဝင်း

တရားလွှတ်တော်ရှေ့နေ

ဦးကျော်လှိုင်ဝင်း ဒေါ်စီစီခိန် ဒေါ်လဲ့လဲ့နွယ် ဒေါ်မိမိကျော်

(တရားလွှတ်တော်ရှေ့နေများ)

အကွက်(ယ-၆ / ၂၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁လမ်းကြား၊

(က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။

ဖုန်း ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၂၃၃၊ ၀၉-၇၅၀၇၅၀၀၇၄

အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(၈၀-၁၀)၊ ဦးပိုင်နံပါတ်(၁၃၀+၁၃၁)ဟု ဒေါ်တင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဦးတင်ကြီး အမည်ဖြင့် မြေနေရာချထားပေးခြင်းခံရသည့် မြေကွက်များအနက် ဦးပိုင်နံပါတ်(၁၃၁)၊ မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀)၏ အနောက်ဘက်မြစ်း(၁၅၀×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုခံန်ကတိပြုသူ ဒေါ်ဝင်းမို့(ဘ)ဦးမြသောင်း(၅/ငနန(နိုင်)၁၁၆၁၆၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးနိုင်ကိုကိုလွင်(LL.B,D.B.L) ဒေါ်မိမိအောင်(LL.B,LL.M) (D.B.L)

အထက်တန်းရှေ့နေများ

၈၄လမ်း၊ ၂၈လမ်းနှင့် ၂၉လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ဖုန်း ၀၉-၄၀၁၅၈၉၃၂၂၊ ၀၉-၉၇၆၁၆၉၁၀

အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(၈၀-၁၀)၊ ဦးပိုင်နံပါတ်(၁၃၀+၁၃၁)ဟု ဒေါ်တင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဦးတင်ကြီး အမည်ဖြင့် မြေနေရာချထားပေးခြင်းခံရသည့် မြေကွက်များအနက် ဦးပိုင်နံပါတ်(၁၃၁)၊ မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀)၏ အနောက်ဘက်မြစ်း(၁၅၀×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုခံန်ကတိပြုသူ ဒေါ်ဝင်းမို့(ဘ)ဦးမြသောင်း(၅/ငနန(နိုင်)၁၁၆၁၆၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ- ဦးတင်အောင်မိုး (LL.B, LL.M) ဒေါ်အိအိမွန် (LL.B, LL.M)

တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ

ဒေါ်ယုသစင်အောင် (LL.M) ဒေါ်အေးနန္ဒာထွန်း (LL.B) ဒေါ်မာလာနိုး (LL.B) ဒေါ်ဝူးသန့်ဖွန် (LL.B)

တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ

အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။

ဖုန်း ၀၉-၂၀၃၂၅၅၄၊ ၀၉-၉၇၇၄၄၈၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၀၊ ၀၉-၄၄၄၀၀၆၅၅၆

မီး သတိပြု။

အများသိစေရန် ကြေညာခြင်း

